မဟာစည် ဆရာတော်

## အရှင်သောဘနမထေရ်

အသံလွှင့် ဟောကြားတော်မူအပ်သော

# မဟာသတိပဋ္ဌာန်

# တရားတော်ကြီး

---

နိုင်ငံတော် ဝန်ကြီးချုပ်၏

## နှစ်သစ်ကူး မင်္ဂလာ စကား

အကျိုးဆောင် ဦးစံသိမ်း၏

## နိဒါန်းစကားများ

ပါရှိသည်။

---


ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်

အမှတ် ၁၆-သာသနာ့ရိပ်သာ

ဟာမစ်တိတ်လမ်း ကုတ်ကိုင်း

ရန်ကုန်မြို့

မဟာစည် ဆရာတော်

# အရှင်သောဘနမထေရ်

အသံလွှင့် ဟောကြားတော် မူအပ်သော

# မဟာသတိပဋ္ဌာန်

# တရားတော်ကြီး

နိုင်ငံတော် ဝန်ကြီးချုပ်၏

## နှစ်သစ်ကူး မင်္ဂလာ စကား

အကျိုးဆောင် ဦးစံသိမ်း၏

## နိဒါန်းစကားများ

ပါရှိသည်။


ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ချုပ်

အမှတ် ၁၆-သာသနာ့ရိပ်သာ

ဟာမစ်တိတ်လမ်း ကုတ်ကိုင်း

ရန်ကုန်မြို့


H.158-1

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၆၆–ပတ်ကလိန်းလမ်း

ရန်ကုန်မြို့။

# အမှာစကား

ဤစာအုပ်ကလေးသည် ထင်ရှားသော ပုဂ္ဂိုလ်ကြီး သုံးဦးတို့၏ အသံလွှင့် မိန့်ကြားချက် (၃)မျိုးကို စုပေါင်း ရိုက်နှိပ်ထားသော စာအုပ်ကလေး ဖြစ်ပါသည်။

၎င်းတို့သည်......

၁။ နိုင်ငံတော် ဝန်ကြီးချုပ် သခင်နု အသံလွှင့် မြွက်ကြားသော နှစ်သစ်ကူးမင်္ဂလာစကား။

၂။ ဗုဒ္ဓသာသနာ နုဂ္ဂဟ အဖွဲ့ချုပ် အကျိုးဆောင် ဦးစံသိမ်း အသံလွှင့်မြွက်ကြားသော နိဒါန်းစကား။

၃။ မဟာစည်ဆရာတော် အရှင်သောဘနမထေရ် အသံလွှင့် ဟောကြားတော်မူသော မဟာသတိပဋ္ဌာန် တရားတော်ကြီးတို့ ဖြစ်ပါသည်။

သို့ကြောင့်......

ဤစာအုပ်ကလေးသည် အမှန်အားဖြင့် သေးငယ်လှသည်ဟု ဆိုရသော်လည်း လျှမ်းလျှမ်းတောက် အရည်ပြည့်သော နဝရတ် ကိုးသွယ်ဖြင့် စီချယ်ထားသည့် ဦးစိုက်ပန်းနှင့် ပမာတူလှတော့သည်။ နဝရတ် ကိုးသွယ်ဖြင့် စီချယ်ထားသော ဦးစိုက်ပန်းကို ပန်ဆင်ထားသူဝယ်၊ မျက်နှာမှ ဦးလှည့်ရာသို့ ဦးစိုက်ပန်းမှ ကိုးသွယ်သော နဝရတ် ရောင်ခြည်ဥဿုန်တို့က လမ်းမှန်

ကို ညွှန်ပြနေသလို၊ ဤစာအုပ်ကလေးကို လေ့လာ ဘတ်ရှု၍ နှလုံးအိမ်၌ ပန်ဆင်ထားသောသူအား စာအုပ် အတွင်းဝယ် သိကုံးထားအပ်သော နဝ လောကုတ္တရ ဓမ္မ ခေါ် လောက၌ အမြတ်ဆုံးတရား ၉–ပါးတို့က အကြည့်ခတ်ပေးကာ အမှန်လမ်းသို့ ဧကန်ရောက်စေ မည်ဖြစ်သဖြင့် ဤစာအုပ်ကလေးကို ရရှိသူတိုင်းပင် အချိန်ကောင်း အခါကောင်း အခွင့်ကောင်းယူကြကာ နှလုံးခတ်ကို အအေးခံ၍ ချမ်းသာစွာ ဘတ်ရှုပြီး တကယ့် ကိုယ်တွေ့ လက်တွေ့ ဉာဏ်တွေ့ ဖြစ်အောင် ကြိုးစားကြပါရန် အချိန်မှီမှာကြားအပ်ပါသည်။

မင်္ဂလာ–အောင်မြင့်

သာသနာ့ရိပ်သာ

၂၅-၆-၅၁

မြန်မာနှစ်ဆန်း ၁-ရက်(၁၃၁၃-ခု၊တန်ခူးလဆန်း ၁၁-ရက်)
နေ့တွင်

## ဝန်ကြီးချုပ်သခင်နု အသံလွှင့်မြွက်ကြားသော

# နှစ်သစ်ကူးမင်္ဂလာစကား

ဒီကနေ့ဆိုရင် နှစ်ဆန်းတရက်နေ့ဘဲ၊ အဲဒီတော့ ဗုဒ္ဓဘာသာဝင်တွေ အတွက် ဒီနေ့ဟာ ကြက်သရေ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံတဲ့ နေ့ထူး နေ့မြတ်ကြီး ဖြစ်တယ်၊အဲဒီ နေ့ထူး နေ့မြတ်ကြီးမှာ ဗုဒ္ဓဘာသာဝင် တွေကို သတိပေးစကား ပြောကြားပါရစေ။

ကျွန်တော် ပြောကြားလိုတဲ့ သတိပေး စကား ကတော့၊တခြားဟာ မဟုတ်ပါဘူး၊ 'မမေ့ကြနဲ့' ဆိုတဲ့ သတိပေးစကားဘဲ ဖြစ်ပါတယ်၊ ဗုဒ္ဓဘာသာဝင်တိုင်း အတွက် ဒီ–'မမေ့ကြနဲ့' ဆိုတဲ့ စကား ၄–လုံးဟာ ဘယ်လောက်အရေးကြီးတယ် ဆိုတာကို ဗုဒ္ဓဘာသာ ဝင်တွေထဲက သိပြီးဖြစ်တဲ့ လူတွေ အင်မတန်များပါ တယ်၊ဒါကြောင့် ပညာရှိ သတိဖြစ်ခဲဆိုတဲ့ စကားလို ကျွန်တော် ပြောရတာဟာ သတိပေးတဲ့ အနေနဲ့ဘဲ ပြောရခြင်းဖြစ်ပါတယ်လို့ မှတ်ယူကြစေလိုပါတယ်။

ကျွန်တော်တို့တတွေ အစမထင်တဲ့ သံသရာကြီး တလျှောက်လုံးမှာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေထိုင် လာခဲ့ကြတဲ့ အတွက် အိုဘေး, နာဘေး,

သေဘောဆိုတဲ့ ဘေးဆိုးကြီးတွေက တကယ်တမ်း လွတ်မြောက်နိုင်တဲ့ အခွင့်အလမ်း ကောင်းကြီးတွေနဲ့ ကြုံကြိုက်ခဲ့ရ ပေတဲ့လဲ ဒီအခွင့်အရေး ကြီးတွေကို တခါဘူးမျှ မသုံးခဲ့ကြရဘူး၊ အခုတကြိမ်လဲ မအိုရ, မနာရ,မသေရအောင် လုပ်ပေးနိုင်တဲ့ အခွင့်ကောင်း ကြီးနဲ့ ကျွန်တော်တို့ ကြုံကြိုက်နေကြရပေပြီ၊ အစမထင် တဲ့ သံသရာကြီး တလျှောက်လုံးမှာ လိုဘဲ၊ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ ဆဆ နေသွားကြဦးမယ်ဆိုရင် အင်မတန် ကြုံကြိုက်ခဲတဲ့ ဒီအခွင့်အရေးကြီးနဲ့ တခါ ထပ်ပြီး လွဲကြရလိမ့်ဦးမယ်။

လူတွေရဲ့ သက်တမ်းဟာ တိုတို ကလေးရယ်၊ အဲဒီလို တိုတောင်းလှတဲ့ သက်တမ်းကလေး အတွင်း မှာ အကိုးမတန်တာတွေ အနှစ်သာရမရှိတာတွေနဲ့သာ အချိန်ကုန်မနေကြပါစေနဲ့၊ ရွှေမိုးစဲ, ငွေမိုးရွာနေတဲ့ အခါမှာ ရွှံ့တုံး-ရွှံ့ခဲတွေ လိုက်ပြီး ကောက်နေခြင်း အားဖြင့် အချိန်မကုန်ကြပါစေနဲ့၊ အားအင် တော်တော် တန်တန် ရသေးတဲ့ အရွယ်ထဲကဆိုရင် တလလောက်၊ အတော်ကလေး အိုမင်းမစွမ်း ဖြစ်နေတဲ့ အရွယ်ထဲက ဆိုရင် နှစ်လက သုံးလလောက် အချိန်အထိ၊ ဒီ-အိုဘေး, နာဘေး,သေဘေးကြီးတွေက လွတ်မြောက်စေနိုင်တဲ့ လမ်းစကြီးကို တွေ့ဘို့ အချိန် မပေးနိုင်ကြ ဘူးလား၊ ဟေးလား-ဝါးလား အလုပ်တွေဟာ အစမထင်တဲ့ သံသရာကြီးတခုလုံးမှာလဲ လုပ်ခဲ့ပြီးပြီ၊ မွေးတဲ့အချိန်က စပြီး ဒီကနေ့အထိလဲ လုပ်ခဲ့ကြပြီးပြီ၊ အဲဒီတော့–

ဒီ ပေါ်းလား- ဝါးလား အလုပ်တွေပေါ်မှာ အားရဘို့ကောင်းကြပြီ။

ယခုအခါဆိုရင် ပြည်ထောင်စုကြီးရဲ့ အရပ်တိုင်းမှာလိုလိုဘဲ ဗုဒ္ဓဘာသာဝင်တွေ အတော်ခပ်များများဟာ သတိတရားများ ရလာကြပြီ၊ ကိုယ့်အင်အား ရှိသရွေ့ တလစီ နှစ်လစီ ဝိပဿနာ လုပ်ငန်းများကို ကြိုးစားအားထုတ်ကြတဲ့အတွက် ဒီ-အိုဘေး, နာဘေး, သေဘေးကြီးက လွတ်မြောက်စေနိုင်တဲ့ လမ်းစကြီးကိုသူတို့တသက်လုံး မမြင်စဘူး ထူးထူး ကဲကဲကြီးမြင်တွေ့ကြရတဲ့အတွက် လိုက်လိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်ကြပြီ၊ ဒီ ပုဂ္ဂိုလ်တွေလို ကိုယ်တိုင်လိုက်လိုက် လှဲလှဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်ကြရအောင် ဗုဒ္ဓဘာသာဝင်တိုင်း အနည်းဆုံး တလ,နှစ်လစီလောက်တော့ ဝိပဿနာလုပ်ငန်းများကို အားထုတ်ကြစေချင်တယ်။

သူများတွေ အားထုတ်လို့ ရပေတဲ့ ငါကတော့အားထုတ်လို့ ရမှာမဟုတ်ပါဘူး ဆိုပြီး၊ စိတ်အားငယ်မနေကြပါနဲ့၊ ကြိုးကြိုး စားစားနဲ့သာ တရားအားထုတ်ကြမယ် ဆိုရင် ဗုဒ္ဓဘာသာဝင်တိုင်း အောက်ဆုံးမဂ်ဖြစ်တဲ့သောတာပတ္တိမဂ်ကိုတော့ ဧကန်မုချ ရ-ရမယ်၊ မြေကြီးကို လက်ဝါးနှင့်ပုတ်လျှင်သာ လွဲရမယ်၊ နည်းလမ်း မှန်မှန်ကန်ကန်နဲ့ အဟုတ်တကယ် ကြိုးစားအားထုတ်တဲ့ ဗုဒ္ဓဘာသာဝင် တဦးအတွက်မှာတော့ဒီမဂ်နှင့်လွဲဘို့ လမ်းမရှိဘူး။

လူတွေဟာ တသက်လုံးပေါးလား ဝါးလားလုပ်နေကြတဲ့အတွက် "သတိမမူ ဂူမမြင်"ဆိုတဲ့ စကားလို ကိုယ်ရဲ့တန်ဘိုးကို ကိုယ်ကောင်းကောင်း မသိကြဘူး၊ ထမင်းနပ်မှန်အောင် မစားရတဲ့ သူတောင်းစားပင် ဖြစ်လင့်ကစား သူ့မှာ အင်မတန်ကြီးကျယ်တဲ့ တန်ဘိုးကြီးနဲ့ ပြည့်စုံနေတယ်ဆိုတာကို ကျွန်တော်တို့ သတိပြုကြရလိမ့်မယ်၊ ဒီသူတောင်းစားဟာ ထမင်းနပ်မှန်အောင် မစားရတဲ့ သူတောင်းစားပင် ဖြစ်လင့်ကစား၊ လူဖြစ်တဲ့အတွက် မနုဿတ္တဘာဝ ဒုလ္လဘဆိုတဲ့ ဒုလ္လဘတရားနှင့် ပြည့်စုံနေပြီ၊ဘုရားပွင့်တော်မူတဲ့ ဗုဒ္ဓုပ္ပါဒ-နဝမခေတ်နှင့် တွေ့ကြုံနေတဲ့အတွက်၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘဆိုတဲ့ ဒုလ္လဘတရားနှင့် ပြည့်စုံနေပြန်ပြီ၊ရတနာသုံးပါးကို မြတ်နိုးယုံကြည်တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံတဲ့အတွက် သဒ္ဓါသမ္ပတ္တိ ဒုလ္လဘဆိုတဲ့ ဒုလ္လဘတရားကြီး တခုကိုလဲ ထပ်ပြီး ရပြန်ပြီ၊ ဒီထမင်းနပ်မှန်အောင် မစားရတဲ့ သူတောင်းစားဟာ ရှင်ပြုဘူးရင် ဖြစ်ဖြစ်, ပဉ္စင်းတက်ဘူးရင်ဖြစ်ဖြစ်,ပဗ္ဗဇ္ဇိတဘာဝ ဒုလ္လဘဆိုတဲ့ ဒုလ္လဘ တရားကြီး တပါးကို ထပ်ပြီး ရပြန်ပြီ၊ အဲဒီ-သူတောင်းစားဟာ မြတ်စွာဘုရား ဟောကြားတော်မူအပ်တဲ့ ပိဋကတ်ဓမ္မက္ခန် တရားသံကို နာခံမှတ်သားကြားနာ ရဘူးရင် သဒ္ဓမ္မသဝနအတိဒုလ္လဘ ဆိုတဲ့ ဒုလ္လဘ တရားကြီးတပါးကို ထပ်ပြီးရပြန်ပြီ၊အဲဒီတော့ ဗုဒ္ဓဘာသာဝင်မှန်ရင် ထမင်းနပ်မှန်အောင် မစားရတဲ့ သူတောင်းစားဘဲဖြစ်ဖြစ်,ဇောတိကာတို့လို ချမ်းသာတဲ့-

သူဌေးကြီးတွေဘဲ ဖြစ်ဖြစ်, စကြဝတေး မန္ဓာတ်မင်း
တို့လို ဘုန်းတန်ခိုးအာနုဘော်နဲ့ပြည့်စုံတဲ့ မင်းစိုးရာဇာ
တွေဘဲဖြစ်ဖြစ်, ဒုလ္လဘတရား ငါးပါးစလုံးနဲ့ ပြည့်စုံ
နေပြီ၊ ဒီလို ဒုလ္လဘတရားတွေနဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်
တွေမှ တရားကို အားထုတ်လို့ မရဘူးဆိုရင် တရား
အားထုတ်လို့ ရနိုင်တဲ့လူဟာ ရှိတော့မှာ မဟုတ်ဘူး၊
အဲဒီတော့ ကိုယ့်စိတ်က ကိုယ့်ပြန် ခြောက်တာနဲ့
အားငယ် မနေကြပါနဲ့၊ ဒုလ္လဘတရားတွေနဲ့ ပြည့်စုံ
နေတဲ့ ပုဂ္ဂိုလ်ရင့်မကြီးတွေ ဘုရား၌ ယုံကြည်မှု၊ တရား
၌ယုံကြည်မှု၊ သံဃာ၌ယုံကြည်မှုဆိုတဲ့ယုံကြည်မှုတွေနဲ့
တရားကိုအောင်တဲ့အထိ အားထုတ်နိုင်တဲ့ လုံလောက်
တဲ့ လုံ့လဝီရိယသာ ရှိကြပါစေ၊ ဗုဒ္ဓဘာသာဝင်တိုင်း
အနည်းဆုံး အောက်ဆုံး မဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်
ကို ရ-ရမယ်၊ ဒီမဂ်လောက်ကို ရရင်ဘဲ၊ လူမသေရ
ဘဲနဲ့ ဘဝပြောင်းသွားပြီ။

ဒီမဂ်ကို မရခင်ကဆိုရင်၊ အစမထင်တဲ့ သံသရာ
တလျှောက်လုံးမှာ နိဗ္ဗာန်ကို ဘယ်တုန်းကမှ အာရုံပြုလို့
မရဘူး၊ ဒီမဂ်ကိုရသည်နှင့် တပြိုင်နက် အိုခြင်း, နာခြင်း,
သေခြင်းကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကို အာရုံပြုနိုင်ပြီ။

ဒီမဂ်ကို မရခင်တုန်းက အစမထင်တဲ့ သံသရာ
တလျှောက်လုံးမှာ ဘယ်လောက်ဘဲ လှလှ, ဘယ်
လောက်ဘဲ ပုတီးစိပ်စိပ်, ဘယ်လောက်ဘဲ ဥပုသ်
စောင့်စောင့် သေတဲ့အခါ အပါယ်မကျဘူးလို့ ဘယ်သူ
မှ အမှန် မပြောနိုင်ဘူး၊ သိရိမ္ဗာ သောကမင်းကြီး

လောက် ကောင်းမှုကုသိုလ်တွေ လုပ်နိုင်တဲ့လူတွေဟာ ရှားကြပါလိမ့်မယ်၊အဲဒီ သိရိဓမ္မာသောကမင်းကြီးတောင် သေခါနီးမှ ဒေါသဇောရဲ့ ဖောက်ပြန်မှုကြောင့် သေတဲ့အခါ အပါယ်လေးဘုံမှာ တဘုံဖြစ်တဲ့ တိရစ္ဆာန်ဘုံမှာ မြွေသွားဖြစ်ရသေးတယ်။

အဲဒီတော့ ဒီ အောက်ဆုံးမဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်ကို ရလိုက်တာနဲ့ တပြိုင်နက် ဘဝအသင်္ချေက ဘယ် အကုသိုလ်တွေကိုဘဲ လုပ်ခဲ့ လုပ်ခဲ့ အပါယ်လေးပါးကို ဘယ်လိုနည်းနဲ့မှ မကျရတော့ဘူး။

အဲဒီမဂ်ကို မရခင်တုန်းက ဘယ်သူမှ ကိုယ်ရဲ့နောက်ဆုံးဘဝကို မြှော်တွေးကြည့်လို့ မမြင်နိုင်ကြဘူး၊အဲဒီလိုမမြင်နိုင်ကြတဲ့အတွက် အင်မတန် အင်မတန်ကြီးရှည်လျားလှတဲ့ သံသရာကြီးထဲမှာ အိုဘေးကြီးတွေ, နာဘေးကြီးတွေ, သေဘေးကြီးတွေနဲ့ ဘဝအသင်္ချေပေါင်းများစွာ အဘန်တလဲလဲ တွေ့ကြုံကြရပေဦးမယ်၊ဒါပေမဲ့ ဒီအောက်ဆုံးမဂ်ဖြစ်တဲ့ သောတာပတ္တိမဂ်ကို ရတာနဲ့ တပြိုင်နက်၊ ပျော်ချင်သလိုပျော်၊ နေချင်သလိုနေ၊လုပ်ချင်သလိုလုပ်၊ နောင်ကို အိုဘေး, နာဘေး, သေဘေးကြီးနဲ့ အလွန်တကာ့ အလွန်ဆုံး ခုနစ်ဘဝဘဲ တွေ့ရတော့မယ်၊ ခုနစ်ဘဝကလွန်ပြီး ရှစ်ဘဝနေချင်ရင်တောင် မနေရတော့ဘူး၊ အိုခြင်း, နာခြင်း, သေခြင်းကင်းရာဖြစ်တဲ့ နိဗ္ဗာန်ကို ဧကန်အမှန် ဝင်ရပေတော့မယ်။

အဲဒီ ဘဝကို ရောက်ဖို့ဆိုတာ ဟာလဲ လူတွေက မွေ့မွေ့ လျော့လျော့ ပေါ့ပေါ့ဆဆ နေကြတဲ့အတွက် သာ အငေးကြီးဝေးတယ် ထင်နေကြရတာ၊ တကယ် တမ်း ကြိုးပမ်းကြမယ်ဆိုရင် တလ,နှစ်လလောက်နဲ့ဘဲ ကိုယ့်လက်ထဲကို ရောက်နိုင်တယ်။

အဲဒီတော့ အစမထင်တဲ့ သံသရာတချလုံး ယခု ပစ္စုပ္ပန်ဘဝဆိုရင်လဲ တသက်လုံး ဟေးလား ဝါးလား မွေ့မွေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေမှု,ထိုင်မှု,လုပ်မှု, ကိုင်မှု,ပြောမှု,ဆိုမှု,ကြံစည်စိတ်ကူးမှုတွေကို ရပ်တန်း မှ ရပ်ထားကြပြီး၊ အိုခြင်း, နာခြင်း, သေခြင်း ကင်းရာ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကိုအာရုံပြုနိုင်မည့် အောက်ဆုံးမင် ဖြစ်တဲ့ သောတာပတ္တိမဂ်ကို အနည်းဆုံး ရနိုင်အောင် ဗုဒ္ဓဘာသာ ဝင်တိုင်း အနည်းဆုံး တလ နှစ်လထိ လောက် ဝိပဿနာတရား ပွါးများ အားထုတ်ကြဖို့ ကျွန်တော် လေးလေး နက်နက် တိုက်တွန်း လိုက်ပါ တယ်။

အင်မတန် ကြောက်စရာ ကောင်းလှတဲ့ အပါယ် လေးဘုံကို ဘယ်နည်းနှင့်မှ ပြန်မရောက်ရအောင် တားမြစ်ပေးနိုင်တဲ့ သောတာပတ္တိမဂ်ကို အနည်းဆုံး ရရှိအောင် ဗုဒ္ဓဘာသာဝင်တိုင်း အနည်းဆုံး တလ နှစ်လ ဝိပဿနာတရားများကို ပွါးများ အားထုတ်ကြဖို့ ကျွန်တော်တိုက်တွန်းချင်ပါတယ်။

အင်မတန် ရှည်လျားလှတဲ့ သံသရာကြီးထဲမှာ ရေစုံမျောပြီး အကြိမ်ကြိမ် အဘန်ဘန် အို နာ သေ နေ

ရတဲ့ ဘေးဆိုးကြီးက လွတ်မြောက်ပြီး နောက်ထပ် အလွန်တကာ့ အလွန်ဆုံး ချနစ်ဘဝထဲနဲ့တဲ့ အိုခြင်း, နာခြင်း, သေခြင်း ကင်းရာ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကို ဝင်နိုင်ဘို့အတွက် သောတာပတ္တိမဂ်ကို အနည်းဆုံး ရအောင် ဗုဒ္ဓဘာသာဝင်တိုင်း အနည်းဆုံး တလ နှစ်လ ဝိပဿနာ တရားများကို ပွါးများ အားထုတ် ကြရန် ဤနှစ်ဆန်း တရက်နေ့ နေ့ထူး နေ့မြတ်ကြီးမှာ ဗုဒ္ဓ ဘာသာဝင် သူတော်စင်အပေါင်းတို့ကို ကျွန်တော်က လေးနက်စွာသတိပေးစကား ပြောကြားလိုက်ပါတယ် ခင်ဗျား။

၁၃၁၃-ခု တန်ခူးလဆုတ် ၁၄-ရက် (၅-၅-၅၁)
နေ့တွင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ အကျိုးဆောင်
ဦးစံသိမ်း အသံလွှင့် ပြောကြားသော

# နိဒါန်းစကား

မြန်မာသက္ကရာဇ် ၁၃၁၃-ခု နှစ်ဆန်းတရက်နေ့က ပြောကြားတဲ့ နိုင်ငံတော် ဝန်ကြီးချုပ်သခင်နုရဲ့ နှစ်သစ် နှုတ်ခွန်းဆက် မင်္ဂလာစကားထဲမှာ လက်တွေ့ ဗိပဿနာတရား ဆည်းပူးကြပါရန် သတိပေး တိုက်တွန်း ထားသောကြောင့် ထိပ်တန်းဆုံး မင်္ဂလာနဲ့ ပြည့်စုံ ကြွယ်ဝလှသို့ ကျွန်တော်များ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဝင်များ အတိုင်းထက် အလွန် အားရ ဝမ်းမြောက် ဝမ်းသာ ရှိကြသလို သူတော်စင် ရဟန်းရှင်လူ အပေါင်း ကလဲ ကောင်းချီးသြဘာ ထောမနာ ပြုကြသည်မှာ ထင်ရှားလှပါတယ်၊ ဗုဒ္ဓသာသနာတော်ကြီး နေရောင် လရောင် ထွန်းကား တည်တံ့နေခိုက် လူ့အဖြစ် ရရှိလျက် ရှိကြတဲ့ပုဂ္ဂိုလ်အပေါင်းဟာ သာသနာတော် ကြီးရဲ့ အမွေတော်အစစ်ဖြစ်တဲ့ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရရှိရေးကို ဝန်ကြီးချုပ် တိုက်တွန်း သတိပေးထား သည့်အတိုင်း ဒီဘဝမှာဘဲ မလွဲတမ်း နည်းလမ်း မှန်ကန် စွာဖြင့် အချိန်တိုတိုနဲ့ ရယူကြဘို့ အရေးကြီးပါတယ်၊ သဗ္ဗညုဉာဏ်တော်ရှင်၊ လောကထွန်းထား ရှင်တော်

ဗြိတ်ဘုရား၏ ယခုသာသနာတော်မှာ သက်ဝင် ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်အားလုံးတို့ဟာ ဖြည့်ကျင့်ပြီးတဲ့ ပါရမီ ရှိပါတယ်၊ ရှေးကမ္ဘာ့ကမ္ဘာများနဲ့ ဤဘဒ္ဒကမ္ဘာ၌ ရှင်တော် ဗုဒ္ဓတို့ရဲ့ သာသနာတွင်းမှာ အကြောင်း အားလျော်စွာ ဖြည့်ကျင့်ခဲ့ရတဲ့ ပါရမီများ ရှိခဲ့ကြောင်း ကို ယုံကြည်တော်မူကြပါ၊ ဖြည့်ကျင့်ခဲ့ဘူးတဲ့ ပါရမီ မရှိခဲ့ရင် သာသနာတော်မှာ အခုလို သက်ဝင်ယုံကြည် နေနိုင်လိမ့်မည် မဟုတ်ပါဘူး၊[ယခု သောတရှင်တို့မှာ မိမိတို့ ကိုယ်တိုင်ကပင်လျှင် ကိုယ့်ကိုယ်ကို ကြည်ညို လေးစားလောက်တဲ့ စိတ်နှလုံးဓာတ် အပြုအမူနဲ့ ဆောင် ရွက်ချက် အချို့ဖြစ်ခဲ့ဒါကို မှတ်မိပါလိမ့်မယ်၊ အဲဒီလို စိတ်ရင်းကောင်း မြင့်မြတ်ခြင်းတို့ဟာ ရှေးအဆက်ဆက် က ဖြည့်ကျင့်ပြီး ဆောင်ရွက်ခဲ့ဘူးတဲ့ အကြောင်းတရား ပါရမီမျိုးစေ့ ကျေးဇူးတရားတို့ ဖြစ်လေတော့ကာ အခုအခါမှာ လက်ဆုပ်လက်ကိုင် ထင်ရှားစွာ မားမား မတ်မတ် ဖူးပွင့်တိုးပွါးလာရန် အချိန်ကောင်းကြီး ဆိုက်ရောက်နေပါပြီ၊] အဲဒီလို ပါရမီရှိပြီး ပုဂ္ဂိုလ် ကြီးငယ် ဉာဏ်ရင့်, ဉာဏ်လယ်, ဉာဏ်ငယ် အားလုံး တို့ဟာ သာသနာ့ အလင်းတရားကြီးတို့ကို ဝိပဿနာ ဉာဏ်ဖြင့် ရယူကြ၍ ပါရမီမျိုးစေ့တို့ရဲ့ ဖူးပွင့်ဝေဆာ တဲ့အဖြစ်ကို ရပြီး၊ အမှောင်ဓာတ်သိမ်းကြဖို့ အချိန် ဟာ အခု ရောက်နေပါပြီ။

လွန်ခဲ့တဲ့ သုံးလေးနှစ် လောက်က စပြီး "ဗုဒ္ဓ သာသနာ နုဂ္ဂဟအဖွဲ့"က မြွေစကြာ အခါတော်, မဟာ

သမယ အခါတော် စသည်များကို သိုက်မြိုက်
ကျယ်ပြန့်စွာ ဆင်နွှဲအားထုတ်ကြရန် တိုက်တွန်းခဲ့တဲ့
အတိုင်း သူတော်စင်အပေါင်းဟာ ညီညာဖြဖြ သာသ
နာတော်ကြီးရဲ့ အကျိုးကို ဆောင်လာကြခြင်းကိုရင်း၊
အခြားသော သာသနာရေး အသင်း အဖွဲ့တို့ရဲ့ ရှေ့
ဆောင် ကြိုးပမ်းမှုကြောင့်လဲ၊ သာသနာ့ တရားတော်
များ စည်ပင် ထွန်းကား လာခြင်းကိုရင်း၊ ကုသိုလ်
ရမှု ချမ်းသာအစစ်သို့ ရှေ့ဆောင်မှု အကြောင်းအရာ
တို့အတွက် အားရ ဝမ်းမြောက်ဘွယ်ကြီး ဖြစ်နေ
ပါပြီ။ ထို့ထက် တဆင့်တက်ပြီးလျှင် ရှင်တော်ဘုရား
ကြီးသည် သာသနာတော်ကို ထားရှိတော် မူခဲ့ခြင်းရဲ့
အတိအကျ အဓိပ္ပါယ်က ယခုခေတ်ယခုအခါ၌ ပုဂ္ဂိုလ်
အားလုံးတို့ဟာ အထွဋ်အထိပ် အမွေတော်များဖြစ်တဲ့
မဂ်ဉာဏ်,ဖိုလ်ဉာဏ် ရရှိရေးအတွက်ပင် ဖြစ်တယ်ဆို
တာကို လက်တွေ့သိနားလယ်ကြဘို့ လိုပါသေးတယ်။
ဘုရားရှင်သည် ပင်ပန်းကြီးစွာ လေးသင်္ချေနှင့် ကမ္ဘာ
တသိန်းတိုင်တိုင် ဖြည့်ကျင့်ရှာဖွေ၍ ထားတော်မူခဲ့တဲ့
မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ဆိုက်ရောက်စေသည့် ကျင့်စဉ်
တော်များသည် ယခုတည်တံ့ ရှိနေခိုက် အသက်နှင့်
ကိုယ်နဲ့ ချမ်းသာစွာ မြဲနေခိုက်မှာ သာသနာ့အလင်းနယ်
၌ ရှင်တော်မြတ်ဘုရား၏ သားတော်အစစ် သမီးတော်
အစစ်အဖြစ်ဖြင့် အကောင်းဆုံး အမွေတော်ကို ဆက်ခံ
နိုင်ကြဘို့ အချိန်ရောက်နေပါပြီ။ အဲသည်လို အကောင်း
ဆုံး အမွေရရှိရန် ဝိပဿနာတရား ဆည်းပူး အားထုတ်

တို့ကိုလဲ၊သာသနာ့နုဂ္ဂဟာအဖွဲ့က တည်ထောင်ထားတဲ့ ကုတ်ကိုင်းအရပ်ဟာမစ်တိတ်လမ်းရှိသာသနာ့ရိပ်သာမှာ ကမ္မဋ္ဌာန်းဂူများ ကျောင်းများ ဆောက်လုပ် ထားပြီးဖြစ်၍ ကမ္မဋ္ဌာနာစရိယ ရွှေဘိုမြို့ ဆိပ်ခွန်ရွာ ကျေးဇူးရှင် မဟာစည် ဆရာတော်ကိုယ်တော်တိုင် ကြည့်ကြပ်၍ လက်တွေ့ကမ္မဋ္ဌာန်းအလုပ် ပေးနေခဲ့တာ ကမ္မဋ္ဌာန်းအားထုတ်သူ အရပ်ရပ်မှ ရဟန်းတော်များ သာမဏေများ သီလရှင်များနှင့် ယောကျ်ား မိန်းမ အမြောက်အမြားရှိခဲ့ပါတယ်။ယခုလဲ နေ့စဉ်နေ့တိုင်း မြောက်မြားလှသော ယောဂီ ပုဂ္ဂိုလ်တို့ဟာ သာသနာ့ရိပ်သာမှာ ကိုယ်စိတ် ချမ်းသာစွာဖြင့် ဝိပဿနာတရားအလုပ်ကို ဆရာတော်ဘုရား၏ ဟောညွှန်ပြသချက်အရ ကြိုးကုတ်အားထုတ်လျက် ရှိကြသည်ကို ကြည်ညိုအားရလို့မဆုံးရှိနေပါတယ်။ တရားထူး ရရှိကြတဲ့ ပုဂ္ဂိုလ်များလဲ အဆက်မပြတ် များပြားလှပါတယ်။ ဒီတော့ကာဝန်ကြီးချုပ်ရဲ့ နှစ်သစ်မင်္ဂလာစကားမှာ တိုက်တွန်း တောင်းပန်ထားတဲ့အတိုင်း ဝိပဿနာတရားတော်ကို သာသနာ့ရိပ်သာမှာလက်တွေ့ ဝင်ရောက် ဆည်းပူးကြပါလို့ ဗုဒ္ဓသာသနာနုဂ္ဂဟာ အဖွဲ့၏ ကိုယ်စား ကျွန်တော်ကထပ်မံတိုက်တွန်း လိုက်ပါတယ်။ အရပ်ရပ် နယ်များကလဲ ဆိုင်ရာ အုပ်ချုပ်ရေး အရာရှိကြီးများနဲ့ သာသနာရေးခေါင်းဆောင်ပုဂ္ဂိုလ်များ တိုင်ပင်ညှိနှိုင်းပြီး လျော်ကန်သင့်မြတ်တဲ့ ကိုယ်စားလှယ် နှစ်ဦး သုံးဦးစီ ရွေးချယ်၍ သာသနာ့ရိပ်သာမှာ လာရောက်၍ ဝိပဿနာလက်တွေ့

ကျင့်သုံး အားထုတ်နည်းများကို ဆည်းပူး စေခြင်း အားဖြင့် ဒီဒီ ကိုယ်စားလှယ်များဟာ တရားထူးရကြ လို့ မိမိတို့ ဒေသသို့ ပြန်ကြတဲ့ အခါမှာ သက်ဆိုင်ရာ ဒေသတို့မှာလဲ အလွန်မွန်မြတ်လှတဲ့ ဝိပဿနာ အလုပ် များကို ပြန့်ပွါးအောင် ဆောင်ရွက်နိုင်ကြပါလိမ့်မယ်။ ဒီဒီ အကြံပေးချက်အရ နယ်အရပ်ရပ်ရှိ ခေါင်းဆောင် တို့က ကိုယ်စားလှယ် လွှတ်လိုက်တဲ့ သီလ သမာဓိရှိ ပုဂ္ဂိုလ်များ၊ ၂-ဦး ၃-ဦး လောက်စီ၊ ရွေးချယ်ပြီး သာသနာ့ရိပ်သာသို့ အကြောင်းကြားကြရန် မေတ္တာ ရပ်ခံပါတယ်။ အကြောင်းကြားချက် ရရှိက နေရာထိုင် ခင်း စသည်တို့ကို စီစဉ်ပြီး လာဘို့ရက် ချိန်းဆိုပါမယ်၊ ဒီလို အဘိုးတန် မွန်မြတ်လှတဲ့ အခွင့် အရေးကို အမြန် သုံးရယူအပ်ပါတယ်။

ကျေးဇူးရှင် ကမ္ဘာ့ဥဒ္ဒါနာစရိယ-မဟာစည် ဆရာ တော်ဘုရားကြီးကလဲ ယခု အသံလွှင့်ရုံမှ အများအကျိုး ကို စေတနာထား၍ ဝိပဿနာဆိုင်ရာ အလုပ်တရား များ အကြောင်းကို ယနေ့မှစ၍ ၄-ပတ်တိတိ ဥပုသ်နေ့ တိုင်း၊ ညစဉ် ဒီအချိန်မှာ ဟောပြတော်မူပါလိမ့်မယ်။ ဂရုတစိုက် လေးမြတ် ကြည်ညိုစွာ တရားနာယူကြ၍ လက်တွေ့ ဝိပဿနာတရားတော်များကိုလဲ အမြန်သုံး ဆည်းပူး အားထုတ်နိုင်ကြစေရန် ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့၏ ကိုယ်စား ထပ်လောင်း၍ မေတ္တာရပ်ခံလိုက်ပါ တယ်ခင်ဗျား။

---

### မဟာစည်ဆရာတော်

### ၁၃၁၃—ခု၊ တန်ခူးလဆုတ် ၁၄-ရက် ဥပုသ်နေ့ညတွင် အသံလွှင့်သည်

# မဟာသတိပဋ္ဌာန်တရားတော်ကြီး

## (ပထမပိုင်း)

ယခု ဟောပြမည့် တရားတော်က "မဟာသတိပဋ္ဌာန်တရားတော်ကြီး" ဖြစ်ပါတယ်။ ဒီ တရားတော်ကြီးဟာ၊ ဗုဒ္ဓသာသနာတော်မှာ၊ အရေးပါအရာရောက်ဆုံး လိုရင်းတရားတော်ကြီး လို့ ဆိုရင်၊ မလွဲပါဘူး။ ဘာကြောင့်လဲလို့ဆိုတော့……ဒီ "မဟာသတိပဋ္ဌာန်သုတ်" ထဲမှာ၊ ပုဗ္ဗဘာဂမဂ်—လို့ ခေါ်တဲ့ ဝိပဿနာအလုပ် အားထုတ်ပုံတွေကိုလဲ၊ အပြည့်အစုံ အတိအကျ ဟောပြထားပါတယ်။ ဉာဏ်အထူးများဖြစ်ပေါ်လာပုံကိုလဲ ထင်ရှားစွာပြထားပါတယ်။ ပရိညေယျ, ပဟာတဗ္ဗ, သစ္ဆိကာတဗ္ဗ, ဘာဝေတဗ္ဗ-ဆိုတဲ့ အရိယသစ္စာလေးပါးကိုလဲ ပေါ်ပေါ်လွင်လွင် ပြည့်ပြည့်စုံစုံ ကြီးပြထားပါတယ်။ ရဲရင့် ခိုင်မာတဲ့ ဝန်ခံချက်ကိုလဲ၊ နိဂုံးချုပ်အနေနဲ့ အားတက်လောက်အောင်ဘဲ ဟောပြထားပါတယ်။ ဘယ်လိုလဲလို့ဆိုတော့……"သတိပဋ္ဌာန်လေးပါး" ကိုပွါးများအားထုတ်ရင်၊ အလတ်စား နေယျထဲက၊ **ဉာဏ် အလေးဆုံး ပုဂ္ဂိုလ်တောင်မှ (၇) နှစ်နဲ့ အနာဂါမ်, ရဟန္တာ—ဖြစ်နိုင်ပါတယ်တဲ့၊ ဉာဏ်**

**ထက်တဲ့ ပုဂ္ဂိုလ်မှာတော့ (၇)ရက်ထဲနဲ့ အနာဂါမ်၊ ရဟန္တာ-ဖြစ်နိုင်ပါတယ်တဲ့။** ဒီတော့……ဒီ ဝန်ခံတော်မူချက်ဖြင့်ပင်၊ သောတာပန် သကဒါဂါမ်လောက် ဖြစ်ဘို့ရာကတော့၊ ဒါထက်တောင် မြန်နိုင်သေးတယ်-ဆိုတာဟာ၊ ထင်ရှား နေတော့တာဘဲ၊ အများကြီး အားတက်စရာ ကောင်းပါတယ်။ ပြီးတော့……အကျိုးအာနိသင်တွေကိုလဲ၊ စကားပလ္လင်ခံပြီး၊ တရားဟောကြားတော်မူလိုက်ကတဲ့ကိုက ဖော်ပြသွားတော့တာဘဲ။ ကဲ……ယခု အဲဒီတရား ဟောကြားတော်မူချက်ကို နာရတော့မယ်။ ရိုရိုသေသေ အာရုံစူးစိုက်ကြ။

ဧကာယနော အယံ ဘိက္ခဝေ မဂ္ဂေါ၊ သတ္တာနံ ဝိသုဒ္ဓိယာ၊ သောက-ပရိဒ္ဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခ-ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ဉာယဿ အဓိဂမာယ၊ နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးသော အကြင်သတိပဋ္ဌာန်တို့ရှိကြပေ၏။ အယံ၊ ဤသတိပဋ္ဌာန် အကျင့်လမ်းသည်။ သတ္တာနံ ဝိသုဒ္ဓိယာ၊ သတ္တဝါတွေ စိတ်အညစ်အကြေး ကင်း၍ သန့်ရှင်းစင်ကြယ်ဘို့ရာ။ ဧကာယနော မဂ္ဂေါ၊ တခုတည်းသော လမ်း-တကြောင်းတည်းသော လမ်းပေတည်း။

ကိလေသာ ကင်းပြီး၊ ရဟန္တာ ဖြစ်သွားတာကို၊ စင်ကြယ်တယ်လို့ ဆိုလိုတယ်။ အဲဒီ ရဟန္တာ ဖြစ်

ဘို့ အကျင့်ဟာ၊ ဟောဒီ သတိပဋ္ဌာန် တလမ်းထဲသာ ရှိတယ်တဲ့။ ပြီးတော့……ဒီ သတိပဋ္ဌာန် အကျင့်ဟာ၊ အဲဒီ ရဟန္တာ အဖြစ်တိုင်အောင်၊ မုချကိန်းသေ ရောက်စေနိုင်တဲ့ မလွဲနိုင်သောလမ်း, တကြောင်းထဲလမ်း-ပါတဲ့။ ဒီတော့……**စိတ် အညစ် အကြေးကင်းပြီး ရဟန္တာဖြစ်ချင်ကြရင်၊ ဒီ သတိပဋ္ဌာန်အလုပ်ကိုဘဲ အားထုတ်ကြရမယ်။** ဒီနေရာမှာ တချို့က……"ရဟန္တာ တိုင်အောင်တော့လဲ မဖြစ်ချင်သေးပါဘူး၊ အပါယ်ဘေးက လွတ်ရုံ သောတာပန်လောက်ပဲ ဖြစ်ချင်ပါတယ်။ ဒီလိုကော ဖြစ်နိုင်ပါ့မလားလို့" မေးချင်ကောင်း မေးချင်ကြပေလိမ့်မယ်၊ ဒါကတော့ စိုးရိမ်စရာ မရှိပါဘူး။ ရဟန္တာဖြစ်တယ်ဆိုတာက၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်- အစဉ်အတိုင်း ဖြစ်ပြီးတော့၊ နောက်ဆုံးကျမှ ဖြစ်တာဘဲ၊ ဒါကလဲ အားထုတ်မှု ပြည့်စုံမှ ဖြစ်တာပါ။ သောတာပန်လောက်ပဲ ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ၊ အပြည့်အစုံ အားထုတ်ပါမှ၊ သောတာပန်လောက်ပဲ ဖြစ်နိုင်ပါတယ်။ ဒါထက်ပိုပြီးတော့၊ ဖြစ်ကို မဖြစ်နိုင်ပါဘူး။ ဒါကြောင့်……သောတာပန်လောက် ဖြစ်ချင်ရင်လဲ၊ ဒီ သတိပဋ္ဌာန်အလုပ်ကိုဘဲ အားထုတ်ရမယ်ဆိုတာကို၊ မြဲမြဲကြီး မှတ်ထားကြရမယ်။

အယံ၊ ဤသတိပဋ္ဌာန်အကျင့်လမ်းသည်။ သောကပရိဒေဝါနံ သမတိက္ကမာယ၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း-တို့ကို လွန်မြောက်သွားဘို့ရာလဲ။ ဧကာယနော

မဂ္ဂေါ၊ တခုတည်းသောလမ်း–တကြောင်းတည်းသော လမ်းပေတည်း။

လောကမှာ……မိဘ လင်မယား သားသမီးတွေ သေကြေပျက်စီးလို့၊တကွဲတပြားစီ ဖြစ်လို့၊စီးပွါးတွေ ပျက်စီးလို့…ဒီလိုဘေးဆိုးတွေနဲ့ တွေ့ တွေ့ပြီး၊ စိုးရိမ်ပူဆွေး ငိုကြွေးနေကြရတာတွေဟာ၊ အတော်ကို ဆိုးဝါးတာတွေဘဲ၊ အဲ ဒီအဆိုးတွေကိုလဲ၊ ဒီ သတိပဋ္ဌာန်အကျင့်ဖြင့် ကျော်လွှန်သွားနိုင်ပါတယ်တဲ့။ ဒီတော့……ဘယ်အခါမှ မစိုးရိမ် မငိုကြွေးရဘဲ၊ ပျော်ပျော် ရွှင်ရွှင်နဲ့ချည်း နေသွားချင်ကြရင်၊ ဒီ သတိပဋ္ဌာန်အလုပ်ကိုဘဲ ပြည့်စုံအောင် အားထုတ်ကြရမယ်။

အယံ၊ ဤသတိပဋ္ဌာန်အကျင့်လမ်းသည်။ ဒုက္ခ ဒေါမနဿာနံ အတ္ထင်္ဂမာယ၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ချုပ်ငြိမ်း ကွယ်ပျောက်သွားဘို့ ရာလဲ။ ဧကာယနော မဂ္ဂေါ၊တခု တည်းသောလမ်း–တကြောင်းတည်းသော လမ်းပေတည်း။

ကိုယ်ထဲမှာ အနေဆိုး အခံခက်တဲ့ ကိုယ်ဆင်းရဲ အမျိုးမျိုး၊စိတ်ထဲမှာ အနေဆိုး အခံခက်တဲ့ စိတ်ဆင်းရဲ အမျိုးမျိုး၊ ဟောဒီဆင်းရဲ ၂–မျိုးဟာ၊ လောကမှာ ကြောက်စရာ အကောင်းဆုံးဘဲ။အဲဒီ ဆင်းရဲဆိုးတွေကိုလဲ၊ဒီ သတိပဋ္ဌာန်အကျင့်ဖြင့်ပင်၊ လုံးဝ ငြိမ်းစေနိုင်ပါတယ်တဲ့။ဒီတော့……ဆင်းရဲခပ်သိမ်း အကုန် ငြိမ်းပြီး၊ အစဉ်ထာဝရ ချမ်းချမ်းသာသာနဲ့ချည်း နေချင်ကြရင်၊

ဒီသတိပဋ္ဌာန်အလုပ်ကိုဘဲ ပြည့်စုံအောင်အားထုတ်ကြရမယ်။

အယ်၊ ဤသတိပဋ္ဌာန်အကျင့်လမ်းသည်။ ဉာယဿ အဓိဂမာယ၊ အရိယာမဂ်ကို ရဘို့ရာလဲ။ ဧကာယနော မဂ္ဂေါ၊ တခုတည်းသောလမ်း, တကြောင်းတည်းသော လမ်း-ပေတည်း။နိဗ္ဗာနဿ သစ္ဆိကိရိယာယ၊နိဗ္ဗာန်ကို မျက်မှောက်ပြုဘို့ရာလဲ။ဧကာယနောမဂ္ဂေါ၊တခုတည်းသောလမ်း,တကြောင်းတည်းသော လမ်း-ပေတည်း။

**မဂ် ဖိုလ် နိဗ္ဗာန်ဆိုတာ၊ ဗုဒ္ဓသာသနာတော်မှာ၊ အထွတ်အမြတ်ဆုံး လိုရင်းတရားတွေဘဲ။ အဲဒီ မဂ် ဖိုလ်နိဗ္ဗာန်ကိုရောက်ဘို့လမ်းဟာလဲ၊ ဟောဒီ သတိပဋ္ဌာန်အကျင့် တလမ်းထဲသာရှိပါတယ်**တဲ့၊ပြီးတော့ .. ဒီ သတိပဋ္ဌာန်လမ်းဟာ၊မဂ် ဖိုလ် နိဗ္ဗာန်ကို၊မလွဲတမ်း ကေန်အမှန် ရောက်စေနိုင်တဲ့ တကြောင်းတည်းသော ကိန်းသေ လမ်းပါတဲ့။ ဒီတော့......မဂ် ဖိုလ် နိဗ္ဗာန်ကို ယခုဘဝတွင်ဘဲ၊ တကယ်ရောက်ချင်ကြရင်၊ မလွဲနိုင် မမှားနိုင်တဲ့ ဒီသတိပဋ္ဌာန်လမ်းကိုသာ သွားကြရုံရှိတော့တာဘဲ။ ဒါကြောင့် သွားချင်တဲ့သူတွေ၊ သွားရအောင် လို့၊ယခု ဆရာတော်က၊ သဲလွန်စ ပေးတဲ့ အနေနဲ့၊ ဒီ သတိပဋ္ဌာန်တရားကို၊ ဟောကြား ညွှန်ပြနေတာလို့၊ မှတ်ကြစေလိုပါတယ်။

“**သတိပဋ္ဌာန်**”ဆိုတာက ဘာလဲ၊ “**သတိ မပြတ် ဖြစ်မှု–စွဲမြဲတဲ့အမှတ်ရမှုပါဘဲ**” ဘာတွေကို အမှတ်ရ-

ရပါမလဲလို့ ဆိုတော့……ထင်ရှားဖြစ်ပေါ်လာတဲ့ "**ကိုယ်အမူအရာ ရုပ်အပေါင်း**" ကိုလဲ၊ ဖြစ်ခိုက်ဖြစ်ခိုက်မှာ၊ မလွှတ်တမ်း အမှတ်ရ-ရမယ်။ပြီးတော့……ထင်ရှားဖြစ်ပေါ်လာတဲ့ "**ခံစားမှုဝေဒနာ**" တွေကိုလဲ၊ ဖြစ်ခိုက်ဖြစ်ခိုက်မှာ၊မလွှတ်တမ်း အမှတ်ရ-ရမယ်။ပြီးတော့…ထင်ရှား ဖြစ်ပေါ်လာတဲ့ "**ကြံစည်စဉ်းစားမှုစိတ်**" ဟူသမျှကိုလဲ၊ဖြစ်ခိုက် ဖြစ်ခိုက်မှာ၊ မလွှတ်တမ်းအမှတ်ရ-ရမယ်။ပြီးတော့…ထင်ရှားဖြစ်ပေါ်လာတဲ့ "**သဘောတရား**" ဟူသမျှကိုလဲ၊ ဖြစ်ခိုက် ဖြစ်ခိုက်မှာ၊ မလွှတ်တမ်း အမှတ်ရ—ရမယ်။ဒီလို မှတ်နိုင်အောင်၊ မပြတ်လဲ ကြောင့်ကြ စိုက်ပေးနေရမယ်။

ဆိုလိုရင်းကတော့……ပေါ်လာတိုင်းသော ရုပ်နာမ်တွေကို၊ မသိတဲ့တချက်မှလွှတ်မသွားရအောင်၊မပြတ်ကြောင့်ကြစိုက်ပြီး၊တမှတ်ထဲ ရှုမှတ်နေရမယ်လို့ ဆိုလိုပါတယ်၊ဒီလိုရှုမှတ်ပုံကို၊ ကာယာနုပဿီ, ဝေဒနာနုပဿီ-စသည်ဖြင့် ဟောထားပါတယ်။ဥပမာ……သွားတဲ့အခါမှာဆိုရင်……ခြေထောက်ကြွလာစမှ စပြီးတော့နင်းချမှု ဆုံးသွားသည်တိုင်အောင်၊ တရွေ့ တရွေ့ခြင်းတောင့်တင်းလှုပ်ရှားသွားတဲ့ရုပ်အပေါင်းကိုရှုးစိုက်ပြီး၊ စေ့စေ့စပ်စပ်၊ မပြတ်ရှုမှတ်သွားရမယ်။ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း ဒီလိုချည်းမပြတ်မှတ်သွားရမယ်။တချက်မှ လွှတ်မသွားစေရဘူး။ ဘာကိုမှလဲ မစဉ်းစားရဘူး။ စဉ်းစားမိရင် အဲဒီ စဉ်းစားတဲ့စိတ်ကိုလဲ မှတ်သိသွားရ

မယ်။ ပြီးတော့... လက်ခြေများကို ကွေးရာ ဆန့်ရာမှာလဲ......ကွေးစ, ဆန့်စ ကထဲက စပြီး၊ အဆုံး တိုင်အောင် တရွေ့ရွေ့ခြင်း တောင့်တင်းရွေ့ရှားသွားတဲ့ ရုပ်အပေါင်းကို ရှုးစိုက်ပြီး၊ စေ့စေ့စပ်စပ်၊ မပြတ်ရှုမှတ်ရမယ်။ ကိုယ်အပြုအမူအရာတိုင်း ဒီနည်းချည်းဘဲ။ တချက်ကလေး တကွက်ကလေးမှ မလွတ်စေရဘူး။ အကုန်လုံး စေ့စေ့ စပ်စပ် မပြတ် သိသိသွားအောင် ကြောင့်ကြစိုက်ပြီး ရှုမှတ်ရမယ်။

ပြီးတော့....ညောင်းမှု-ပူမှု—နာကျင်မှု အစရှိတဲ့ ဒုက္ခဝေဒနာ ထင်ရှား လာပြန်ရင်လဲ၊ အဲဒီ ဝေဒနာကိုဘဲ သေသေ ချာချာ ရှုးစိုက်ပြီး၊ ညောင်းတယ်—ညောင်းတယ် စသည်ဖြင့်၊ မပျောက်မခြင်း မပြတ် ရှုမှတ်ရမယ်။ ပြီးတော့..... ကြံစည် စဉ်းစားမှု စိတ်ကူးများ၊ ဖြစ်ပေါ်လာပြန်ရင်လဲ၊ အဲဒီစိတ်ကိုဘဲ ရှုးစိုက်ပြီး၊ ကြံတယ် စဉ်းစားတယ် စသည်ဖြင့် ရှုမှတ်ရမယ်။ ပြီးတော့...နှစ်သက်မှု-စိတ်ပျက်မှု-မြင်မှု-ကြားမှု အစရှိတဲ့ သဘောတရားတွေ ထင်ရှားဖြစ်ပေါ်လာပြန်ရင်လဲ အဲဒီတရားသဘောကိုဘဲ ရှုးစိုက်ပြီးနှစ်သက်တယ် နှစ်သက်တယ် စသည်ဖြင့် ရှုမှတ်ရမယ်။

"ယခုပြောခဲ့တဲ့အတိုင်း ထင်ရှားပေါ်လာသမျှ ရုပ်နာမ်တွေကို မလွတ်အောင် ရှုမှတ်ရမယ်" ဆိုပေမယ့် လို့ အားထုတ်ခါစ ပုဂ္ဂိုလ်မှာတော့ မမှတ်နိုင်ဘဲ မေ့မေ့သွားတာတွေကသာ များနေတတ်ပါတယ်။ ဒါပေမဲ့ မလျှော့သောသုံ့လနဲ့ မပြတ်ကြောင့်ကြစိုက်ပြီး ရှိရှိသေ

သေချာမှတ်နေရင်၊လေး-ငါး-ခြောက်ရက်လောက် ကြာ တော့၊သတိ သမာဓိအားဟာ ထူးထူးခြားခြားကြီးဘဲ ဖြစ်လာပါတယ်။ မမှတ်နိုင်တာ မသိတာ မေ့သွားတာ ရယ်လို့ကို မရှိသလောက်ပဲ ဖြစ်နေတတ်ပါတယ်။ အဲဒီ လိုအခါမှာ မှတ်တိုင်းမှတ်တိုင်း၊မှတ်စိတ်က၊ မှတ်ရာအာ ရုံများမှာ၊ ကပ်ခနဲ ကပ်ခနဲ ကျကျသွားသလို၊ စူးစိုက် တည်ငြိမ်နေပါတယ်။ ဒီလို စူးစိုက်တည်ကြည်တာက ဝိပဿနာခဏိက သမာဓိဘဲ။ ဒီသမာဓိ အားကောင်း လာတော့ မှတ်မိတဲ့အာရုံကို၊ ပိုင်းပိုင်းခြားခြား ပြတ် သားရှင်းလင်းစွာ သိသိသွားပါတယ်။ ဘယ်လိုလဲလို့ ဆိုတော့ **ရုပ်ကိုမှတ်မိရင်၊ အာရုံမပြုတတ်-မသိတတ် တဲ့ သဘောတရားလို့ ထင်ရှား သိသိသွားတယ်။ ဝေဒနာကို မှတ်မိရင်၊ အကောင်းအဆိုးကို ခံစားတဲ့ သဘောတရားလို့ ထင်ရှား သိသိသွားတယ်။ စိတ် ကို မှတ်မိရင်၊အာရုံဆီ ရောက်ရောက်သွားတဲ့သဘော တရားလို့ ထင်ရှား သိသိသွားတယ်။** ပြီးတော့…… ပေါ်လာတဲ့ အာရုံရော,မှတ်သိတဲ့စိတ်ရော၊ပေါ်ပြီးရင်း ပျောက်သွားရင်း၊ပေါ်ပြီးရင်း ပျောက်သွားရင်းနဲ့၊ခဏ မစဲ ပျောက်ပျောက်သွားတာကိုလဲ ထင်ရှားသိသိသွား တယ်။ဒါကြောင့်……မမြဲဘူး၊ဆင်းရဲချည်းဘဲ၊ သဘော တရားမျှဘဲလို့လဲ ရှင်းရှင်းလင်းလင်းသဘောကျကျသွား ပါတယ်။ဒီလိုသိနေတဲ့အတွက် မှတ်သိရတဲ့ အာရုံတွေ ကို နှစ်သက်စရာလို့လဲ မထင်တော့ဘူး၊ မုန်းစရာလို့လဲ

မထင်တော့ဘူး၊ဒါကြောင့် အဘိဇ္ဈာဆိုတဲ့ နှစ်သက်မှု၊ ဒေါမနဿဆိုတဲ့ နှလုံးမသာမှုဟာ ဖြစ်ခွင့်မရဘဲ ငြိမ်းနေပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း နှစ်သက်ဖွယ်မုန်းဖွယ်မထင်အောင်၊ တနည်းအားဖြင့်……နှစ်သက်မှု,မုန်းမှု စသောကိလေသာတွေ ဖြစ်ခွင့်မရအောင် ထင်ရှားပေါ်လာတဲ့ ရုပ်အမူအရာဟူသမျှကို၊ မပြတ်ရှုမှတ်ပြီး၊ မမြဲ,ဆင်းရဲ, သဘောတရားမျှ-ဘဲလို့ သိသိနေတာဟာ၊ **ကာယာနုပဿနာသတိပဋ္ဌာန်**ဘဲ။ပြီးတော့……ထင်ရှားပေါ်လာတဲ့ ဝေဒနာ,စိတ် သဘောတရားတွေကို မပြတ် ရှုမှတ်ပြီး မမြဲ,ဆင်းရဲ, သဘောတရားမျှ-ဘဲလို့ သိသိနေတာတွေဟာလဲ၊ **ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်**တွေဘဲ။ ဒါကြောင့်……ယောဂီပုဂ္ဂိုလ်ဟာ၊ ထင်ရှားပေါ်လာတဲ့ ရုပ်နာမ်ဟူသမျှကို ရှုမှတ်ပြီး၊ ဒီသတိပဋ္ဌာန်လေးပါးကို ပွါးနေရင်းပင်၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ဖြစ်ပေါ်ပြီး၊ နိဗ္ဗာန်ကို တွေ့မြင်သွားပါတယ်။ ဒီလိုတွေ့မြင်သွားသည့်တိုင်အောင် အားထုတ်ရမယ်လို့ ဆိုတာကို……“ကာယေ ကာယာနုပဿီ ဝိဟာရတိ၊ ဝေဒနာသု ဝေဒနာနုပဿီ ဝိဟာရတိ၊စိတ္တေ စိတ္တာနုပဿီ ဝိဟာရတိ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟာရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ”လို့ အကျဉ်း

ချုပ်အားဖြင့် ဟောတော်မူပါတယ်။ ။ဒီပါဠိကို သိလွယ်တဲ့နည်းနဲ့ မြန်မာပြန်ပြီး ပြပါဦးမယ်။

ထင်ရှားပေါ်လာတဲ့ ရုပ်အမူအရာဟူသမျှကို အမှန်အတိုင်းရှုမြင်ရမည်။ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်။ မပြတ်မှတ်လျက် အမှန်အတိုင်း သိရမည်။ ဒီလိုသိလျှင် သိတိုင်းသိတိုင်း ကိလေသာငြိမ်းလေတော့သည်။ ရုပ်အမူအရာတိုင်းမှာ ကိလေသာ ငြိမ်းအောင်၊ ဒီလိုမှတ်သိနေတာကို **ကာယာနုပဿနာ သတိပဋ္ဌာန်**ဟု ခေါ်သည်။

ထင်ရှားပေါ်လာတဲ့ ခံစားမှုဟူသမျှကို အမှန်အတိုင်းရှုမြင်ရမည်။ထင်ရှားပေါ်လာတဲ့ စိတ်ဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်။ထင်ရှားပေါ်လာတဲ့ သဘောတရားဟူသမျှကို အမှန်အတိုင်း ရှုမြင်ရမည်။ ရှုမြင်နိုင်အောင် မပြတ်ကြောင့်ကြစိုက်ရမည်။ မပြတ်မှတ်လျက် အမှန်အတိုင်း သိရမည်။ဒီလိုသိလျှင်၊သိတိုင်းသိတိုင်း ကိလေသာ ငြိမ်းလေတော့သည်။ ခံစားမှုတိုင်းမှာ ကိလေသာငြိမ်းအောင်၊ဒီလိုမှတ်သိနေတာကို **ဝေဒနာနုပဿနာ သတိပဋ္ဌာန်**ဟု ခေါ်သည်။ စိတ်အမူအရာ တိုင်းမှာ ကိလေသာငြိမ်းအောင်၊ ဒီလိုမှတ်သိနေတာကို **စိတ္တာနုပဿနာ သတိပဋ္ဌာန်**ဟု ခေါ်သည်။ သဘောတရားတိုင်းမှာ ကိလေသာငြိမ်းအောင် ဒီလို မှတ်သိနေတာကို **ဓမ္မာနုပဿနာသတိပဋ္ဌာန်**ဟု ခေါ်သည်။

အချိန်က ကျတော့မယ်၊သို့ပေမယ့် အရေးကြီးတဲ့ စကားကလေးတမိုဒ်တော့ ပြောလိုက်ဦးမှဘဲ၊ **မြတ်စွာဘုရား၏ တရားတော်ဟာ၊ ဝန်ခံချက်ပေးပြီး ဟောတဲ့ သန္ဒိဋ္ဌိက တရားတော်ပါ။** စာဆိုလောက်, သူပြောလူပြောလောက်နဲ့ ကြေနပ်ရတဲ့တရားမျိုးမဟုတ်ပါဘူး။ **တကယ်တမ်း ကျင့်ကြည့်ရင်၊ ကိုယ်တိုင် တွေ့နိုင်တဲ့ လက်တွေ့ တရားတော်ပါ။** ဒီတော့….လက်တွေ့တရားကို၊စာတွေ့လောက်နဲ့ တော့ ဝေဘန်မနေကြရန်-အထူးသတိပေးခဲ့ပါတယ်။ဟုတ်-မဟုတ်၊ တကယ် သိချင်ရင်တော့-နည်းယူပြီး၊ တကယ်တမ်း အားထုတ်ကြစေလိုပါတယ်။တကယ် အားထုတ်ကြရင်တော့……ယခုဟောပြခဲ့တဲ့အတိုင်း၊ သမာဓိဉာဏ် အထူးတွေ ဖြစ်လာတာကို၊ကိုယ်တိုင်ဘဲ တွေ့ကြရပါလိမ့်မယ်။

အချိန်က ကျနေပြီ၊ သတိပဋ္ဌာန်တရားတော် ပထမပိုင်းကို၊ဒီမျှနဲ့ အဆုံးသတ်ပါတော့မယ်။နောက်သီတင်းနေ့မှာ၊ ဒုတိယပိုင်းကို ဆက်လက်၍ နာယူမှတ်သားနိုင်ကြပါစေ……။

**ပထမပိုင်း ပြီး၏။**

မဟာစည်ဆရာတော်

၁၃၁၃–ခု၊ ကဆုန်လဆန်း (၈) ရက်နေ့ညတွင် အသံလွှင့်သည့်

# မဟာသတိပဋ္ဌာန်တရားတော်ကြီး

## (ဒုတိယပိုင်း)

ဒီနေ့ ဟောမယ့် တရားတော်ကတော့ အရင်တပတ်က အဆက် သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်းပါဘဲ၊ ဟို·တနေ့က ပထမပိုင်းမှာ အကျဉ်းဥဒ္ဒေသကို ဟောခဲ့တယ်၊ ဒီကနေ့တော့ အကျယ် နိဒ္ဒေသကို ဟောရမှာဘဲ၊သို့ပေမဲ့ အကျယ်ဒေသနာတော်မှာ ၂၁–ပိုင်း ရှိနေတော့ အဲဒီ ၂၁-ပိုင်းထဲက ဣရိယာပထပိုင်းလောက်ပဲ ဒီနေ့ ဟောနိုင်မယ်၊ ရှေးဦးစွာ သိထားစေချင်တာကတော့ ''သတိပဋ္ဌာန် တရားတော်မှာ အဖွဲ့အနွဲ့ အသိုင်းအဝိုင်းဆိုရင် ဘာမှမပါဘူး''ဆိုတာကို သတိထားကြစေလိုပါတယ်၊ ပြီးတော့······**မဂ်ဖိုလ် နိဗ္ဗာန်ပေါက် လုပ်ငန်းစဉ်ကို ချည်း လွယ်လွယ်ကလေးနဲ့ တိုက်ရိုက် ဟောထားတယ်**-ဆိုတာကိုလဲ သိထားကြစေလိုပါတယ်၊ ဒီလို သိပြီးတော့ ''ဘုရားကိုယ်တော်တိုင် အကောင်းဆုံး ရွေးချယ်ပြီးပေးထားတဲ့နိဗ္ဗာန်ပေါက် ဘာဝနာ လုပ်ငန်းတွေကို သိရတော့မယ်''လို့ စိတ်အား ထက်သန်စွာနဲ့ ရှုးရှုးရိုက်ရိုက် နာယူကြစေလိုပါတယ်၊

ဗုဒ္ဓသာသနာတော်မှာ နိဗ္ဗာန်ပေါက် ဘာဝနာ အလုပ်ဟာ အရေးအကြီးဆုံးဘဲ၊ ဒီ ဘာဝနာ အလုပ်ကို ကျကျနန သိပါမှ အားထုတ်ပြီး နိဗ္ဗာန်ရောက်နိုင်တယ်၊ မသိရင်တော့ မဂ်မိုလ်နိဗ္ဗာန်နဲ့ လွဲသွားနိုင်တယ်၊ ဒီနေရာမှာ မဂ်မိုလ်နိဗ္ဗာန်နဲ့ လွဲစေတတ်တဲ့ အကြောင်း ၂–ပါးကိုလဲ သိထားကြစေလိုပါတယ်၊ ဘာများလဲလို့ဆိုတော့……အမှတ် (၁) က **ပါပမိတ္တတာ** တဲ့၊ အမှတ် (၂) က **ကိရိယပရိဟာနိ** တဲ့။

အမှတ် (၁) ပါပမိတ္တတာ ဆိုတာက…… စိတ်သဘောထား ညံ့ဖျင်းတဲ့ ဆရာကို ယုံကြည်အားကိုးနေတာပါဘဲ၊ အရှင်ဒေဝဒတ်ရဲ့ စကားကို လိုက်နာမိလို့ အဇာတသတ်မင်း မဂ်မိုလ်နဲ့ လွဲသွားရတာဟာ ဒီ ပါပမိတ္တတာကြောင့်ဘဲတဲ့၊ ဒီတော့…… **မဂ္ဂင်္ဂရာယ် ထိုက်အောင်** ချောက်တွန်းတဲ့ ပုဂ္ဂိုလ်ဘဲ ဖြစ်ဖြစ်၊ **မဂ်မိုလ်ပေါက် တရားအလုပ်ကို** တားမြစ်ကန့်ကွက်တဲ့ ပုဂ္ဂိုလ်ဘဲ ဖြစ်ဖြစ်၊ ဒီလို ပုဂ္ဂိုလ်တွေရဲ့ စကားကို နားယောင်နေရင် **မဂ်မိုလ်နဲ့ လွဲသွားနိုင်တယ်**–ဆိုတာကို ကြပ်ကြပ်ကြီး သတိထားကြရမယ်။

အမှတ် (၂) ကိရိယပရိဟာနိ–ဆိုတာ ကတော့ ဟောမှု နာမှု ကျင့်မှု ဆိုတဲ့ ဒီအလုပ်တာဝန် ၃–မျိုး ချွတ်ယွင်းတာကိုဘဲ ဆိုလိုပါတယ်၊ ဒီ ၃–မျိုးထဲမှာ ဟောမှုကတော့ "တေ တသ္မ ဝမ္မံ ဒေသေန္တိ၊ သဗ္ဗ ဒုက္ခာပနူဒနံ" လို့ ဆိုတဲ့အတိုင်း ဆရာရဲ့ တာဝန်ဖြစ်ပါ

တယ်၊နာမှုနဲ့ ကျင့်မှုကတော့ "ယံ သော ဓမ္မံ ဇူခညာ ယ"လို့ ဆိုတဲ့အတိုင်း တပည့်ရဲ့ တာဝန်ဖြစ်ပါတယ်၊ ဒီတော့……ဆရာကလဲ နိဗ္ဗာန်ပေါက်တရားကို ကျနုပြည့်စုံအောင် ဟောရမယ်၊မဟောရင် ဆရာ့တာဝန် ချွတ်ယွင်းတဲ့အတွက် တပည့်မှာ မဂ်ဖိုလ်နဲ့ လွဲသွားနိုင်ပါတယ်၊ပြီးတော့……တပည့်ကလဲ ပြည့်စုံအောင်နာယူရမယ်၊ကျင့်လဲ ကျင့်ရမယ်၊ မနာဘူး—မကျင့်ဘူးဆိုရင် "ဘုရားလက်ထက်တုန်းက တရားမဆုံးမီ ထသွားတဲ့ **ပေယ** ဆိုတဲ့ လူလိုဘဲ" တပည့်တာဝန် ချွတ်ယွင်းတဲ့ အတွက် မဂ်ဖိုလ်နဲ့ လွဲသွားနိုင်ပါတယ်၊ ဒါကြောင့်…… ယခု ဒီ သတိပဋ္ဌာန်တရားတော်ကို ဟောနေတာဟာ ဆရာ့တာဝန် မချွတ်မယွင်းရအောင် ဟောနေတယ်လို့ မှတ်ကြစေလိုပါတယ်၊ ပြီးတော့…နာယူတဲ့ပုဂ္ဂိုလ်တွေကလဲ မိမိတို့တာဝန် မချွတ်ယွင်းရအောင် လေးစားစွာနဲ့ အပြည့်အစုံ နာယူကြစေလိုပါတယ်၊အပြည့်အစုံ အားလဲ ထုတ်ကြစေလိုပါတယ်။

ကဲ……ယခု မြတ်စွာဘုရားကိုယ်တော်တိုင်ပေးထားတဲ့ ဇူရိယာပထပိုင်း ဝိပဿနာကမ္မဋ္ဌာန်းတရားကို နာကြားရတော့မယ်၊ လေးလေးစားစား အာရုံရှုးစိုက်ကြ။

ဂစ္ဆန္တောဝါ၊ သွားလျှင်လဲ။ ဂစ္ဆာမိတိ၊ သွားသည်ဟု။ ပဇာနာတိ၊ သိ၏။ သွားရင်လဲ သွားတယ်လို့ သိရမတဲ့၊ပြီးတော့……ရပ်ရင်လဲ ရပ်တယ်လို့ သိရမတဲ့၊

ထိုင်ရင်လဲ ထိုင်တယ်လို့ သိရမတဲ့၊ လှဲအိပ်ရင်လဲ အိပ်တယ်လို့ သိရမတဲ့၊ပြီးတော့……ရုပ်ကိုယ်ဟာ ဘယ်လိုဘဲတည့်တည့်,အဲဒီ တည်နေတဲ့ အတိုင်းဘဲ ရုပ်ကိုယ်ကို သိရမတဲ့။

ဒါဟာ ဘယ်ဆရာတော်ကြီးကမှပေးတဲ့ ကမ္မဋ္ဌာန်း မဟုတ်ပါဘူး၊သမ္မာသမ္ဗုဒ္ဓ-ဘွဲ့တော်ရတဲ့ **မြတ်စွာဘုရားကိုယ်တော်တိုင် ပေးထားတဲ့ သာမုက္ကံသိက ဝိပဿနာ ကမ္မဋ္ဌာန်းအစစ်ပါဘဲ၊** သွားရင် သွားတယ်လို့ သိရမယ်–မှတ်ရမယ်ဆိုတာဟာ လွယ်ကြရဲ့ မဟုတ်လား၊ လွယ်မှာပေါ့၊ မြတ်စွာဘုရားကိုက အလွယ်ဆုံးနည်းနဲ့ ဟောထားတာဘဲ၊ လူကြီး, လူငယ် မရွေး၊ မိန်းမ, ယောကျ်ား မရွေး၊စာတတ်,မတတ် မရွေး၊ သမ္မာသဒ္ဓါရှိသူတိုင်း အားထုတ်နိုင်အောင် အလွယ်ဆုံးနည်းနဲ့ ညွှန်ပြထားတာဘဲ၊ **ဒါကြောင့်လဲဘဲ ဘုရားလက်ထက်က ( ၇ )နှစ်သမီး၊ (၇)နှစ်သားကလေးတွေ၊သောတာပန်,ရဟန္တာဖြစ်ကြတာပေါ့၊** ပြီးတော့…သာဝတ္ထိပြည်မှာရှိတဲ့ လူဦးရေ ၇–ပုံတွင် ၅–ပုံက အရိယာဖြစ်နေကြတယ်ဆိုတာလဲ အားထုတ်တဲ့ နည်းက လွယ်လို့ဘဲ၊ နည်းကိုက အကြာကြီး သင်ယူနေရမယ်ဆိုရင် ဒီလိုဘယ်မှာ ဖြစ်နိုင်မလဲ၊ **ရုပ်,စိတ်,စေတသိက်-တွေရဲ့ခွဲခြမ်းဝေဘန်ပုံတွေ-ကလာပ်စီးဖွဲ့ပုံတွေ ဝီထိကျပုံတွေ ပစ္စည်းဆက်ပုံတွေ ဒီလိုအဘိဓမ္မာနည်းတွေကို တတ်သိပြီးမှ အားထုတ်ရမယ် ဆိုရင်တော့ စာတတ်သူ**

**အလွန်နဲပါးတဲ့ ဟိုရှေးခေတ်တုန်းက လူတွေဟာ အားထုတ်နိုင်ဘိုကို မရှိတော့ဘူး၊** အရှင် ဗုဒ္ဓပန်လို ဉာဏ်လေးတဲ့ ပုဂ္ဂိုလ်ဆိုရင်တော့ သာပြီး ခက်တော့ တာဘဲ၊ဒါတွေကို ထောက်ဆကြည့်ရင် ဘုရားလက်ထက်က ကမ္မဋ္ဌာန်းနည်းတွေဟာ ဒီ သတိပဋ္ဌာန်နည်း အတိုင်း လွယ်လွယ်ချည်းဘဲလို့ ထင်ရှားသိရပါတယ်။

ဒီနေရာမှာ လွယ်တယ်ဆိုပေမဲ့ နည်းလောက်သာ လွယ်ပါတယ်၊ သမာဓိဉာဏ်ဖြစ်အောင် တကယ်ရှုရာ ကျတော့ မလွယ်ပါဘူး၊အခက်ဆုံး အလုပ် ဖြစ်နေပါ တယ်၊မချော့တမ်း အားထုတ်မယ်ဆိုတဲ့ သမ္မပ္ပဓာန် လုံ့လနဲ့ သက်စွန့်ကြိုးပမ်း တကယ်တမ်း အားထုတ်မှ ဖြစ်ပါတယ်၊ပေါ့ဆဆနဲ့တော့ ဘာမှ ထူးထူးခြားခြား မဖြစ်ပါဘူး။

ဒီနေရာမှာ "သွားရင် သွားတယ်လို့ သိတယ်" ဆိုတဲ့ မြတ်စွာဘုရား စကားတော်ကို ကိုယ်တွေ့ မဖြစ် သေးတဲ့ ပုဂ္ဂိုလ်တွေက အထင်သေးပြီး မေးစရာ ရှိပါ တယ်၊ဒါကြောင့်…အဋ္ဌကထာဆရာက အဲဒီလို အထင် သေးမယ့်ပုဂ္ဂိုလ်တွေရဲ့ဘက်ကနေပြီးမေးခွန်းလဲထုတ် ပြတယ်၊ ပြီးတော့မှ အဲဒီအမေးကို ဖြေရှင်းပြီး….ဘုရား စကားတော်ကို ထောက်ခံချက် ပေးထားပါတယ်၊ ဘယ်လိုလဲလို့ ဆိုတော့ **သွားရင် သွားတယ်လို့ လူတိုင်းဘဲ သိနေကြတယ် မဟုတ်လား၊ လူတွင်မက သေးဘူး၊ခွေးတွေတောင် ဒီလို သိနေကြမယ်မဟုတ်**

**လား၊ဒီတော့ ···· သွားရင် သွားတယ်လို့ မှတ်နေတဲ့ ယောဂီရဲ့ အသိဟာ ခွေးသိ, လူသာမန် အသိနဲ့ အတူတူဘဲမဟုတ်ပါလား**-လို့ မေးစရာရှိပါတယ်တဲ့၊ ဒါက အထင်အမြင်သေးမယ့် ပုဂ္ဂိုလ်တွေရဲ့ အမြင်နဲ့ မေးပုံဘဲ၊ ကဲ···အဋ္ဌကထာဆရာရဲ့ဖြေပုံကိုလဲနားထောင်ကြဦး၊······သာမန်လူတွေရော ခွေးတွေရော "သွားရင် သွားတယ်"လို့ **သိတာကတော့ မှန်ပါတယ်၊ ဒါပေမယ့်······အသိချင်းကတော့ မတူပါဘူး**၊ပြောင်းပြန်ကို ထူးခြားနေပါတယ်တဲ့၊ ထူးခြားပုံက ····· ခွေးတွေရော၊ သာမန်လူတွေရော၊ရုပ်နာမ် အမူအရာတွေကို နိစ္စ,သုခ, အတ္တ- အနေနဲ့ချည်း သိနေကြပါတယ်၊ သွားတာကို သိတယ်ဆိုပေမယ့်······သွားတိုင်း လှမ်းတိုင်း ရွေ့ရှားတိုင်း စေ့စေ့စပ်စပ် သိကြတာလဲမဟုတ်ပါဘူး၊ တခါတရံ လောက်သာ သိကြပါတယ်၊ တကယ်ဆိုတော့—ကိုယ်သွားနေတာကိုမသိဘဲ၊ တခြားကိုချည်း စဉ်းစားနေတာကသာ များပါတယ်။ သိပြန်တော့လဲ သွားချင်တဲ့စိတ်နဲ့ သွားတဲ့ရုပ်ကို ခွဲခြားပြီးမသိကြပါဘူး၊သွားချင်တာလဲ ငါဘဲ၊သွားတာလဲ ငါဘဲလို့ ငါတယောက်ထဲ အနေနဲ့သာ ထင်နေကြပါတယ်၊ ခဏမစဲ ဖြစ်ပျက်နေတာကိုတော့ လုံးလုံးကို မသိကြပါဘူး၊ တသက်လုံး, တဘဝလုံး၊တယောက်ထဲ အမြဲ တည်ရှိနေတယ်လို့သာ ထင်နေကြပါတယ်။ ဒီတော့······ဒီလို အသိဟာ ငါကောင် သတ္တဝါကောင်လို့ ထင်နေတဲ့ အယူများကို

မပယ်ရှားနိုင်တဲ့ပြင် တိုးပြီး ခိုင်မြဲအောင်တောင် အားပေးပါသေးတယ်၊ ဒါကြောင့်……ရှုမှတ်ခြင်း မရှိဘဲနဲ့ အလိုလို သိနေတဲ့ ဒီလို အလေ့ပေါက်အသိမျိုးဟာ ကမ္မဋ္ဌာန်းလဲ မဖြစ်ပါဘူး၊ သတိပဋ္ဌာန်ဘာဝနာလဲ မဖြစ်ပါဘူး၊ မြတ်စွာဘုရားကလဲ ဒီလိုအလေ့ပေါက် အသိကို မရည်ရွယ်ပါဘူးတဲ့။

ဒါဖြင့် ဘယ်လိုအသိကို ရည်ရွယ်ပါသလဲလို့ ဆိုတော့……သွားတိုင်း လှမ်းတိုင်း သတိနဲ့ မပြတ် ရှုးရိုက်ပြီး စေ့စေ့စပ်စပ် မှတ်နေတဲ့ ယောဂီရဲ့ အသိကိုသာ ရည်ရွယ်ပါတယ်တဲ့၊ အဲဒီ ယောဂီရဲ့အသိကတော့…… သွားချင်တဲ့ စိတ်ကိုလဲ ရုပ်နဲ့ မရောဘဲ အသီးအခြား ထင်ရှားသိသိသွားတယ်၊ ဒါကြောင့်……ကောဂစ္ဆတိ- **ဘယ်သူ သွားသလဲ-သွားတဲ့အတ္တကောင် ရှိသလား—** ဆိုတဲ့ မေးခွန်းကို ပြေလည်အောင် အသိ ရှင်းနေပါတယ်၊ သွားချင်တဲ့စိတ်နဲ့ သွားမှုရုပ်—ဒီ ၂-မျိုးသာရှိတာဘဲ၊ ဒီပြင် **သွားတတ်တဲ့ ငါကောင် သတ္တဝါကောင် မရှိဘူး**—ဆိုတာ ရှင်းနေတော့တာဘဲ၊ ပြီးတော့…… ကဿ ဂမနံ—ဘယ်သူ၏ သွားမှုလဲ-သွားမှုရဲ့ ပိုင်ရှင် အတ္တကောင် ရှိသလားဆိုတဲ့ မေးခွန်းကိုလဲ ပြေလည်အောင် အသိရှင်းနေပါတယ်၊သွားချင်တာနဲ့ သွားတာမှ တပါး သွားအောင် လုပ်နေတဲ့ ငါကောင်- သတ္တဝါကောင် မရှိဘူးလို့၊ ရှင်းရှင်းကြီး သိနေပါတယ်။ ပြီးတော့…… ကိံကာရဏာ ဂစ္ဆတိ— ဘယ်အကြောင်း

ကြောင့် သွားသလဲဆိုတဲ့ မေးခွန်းကိုလဲ၊ ပြေလည်အောင် အသိရှင်းနေပါတယ်။သွားချင်တဲ့စိတ် အဆင့်ဆင့်ကြောင့် တောင့်တင်း လှုပ်ရှားမှု ရုပ်အဆင့်ဆင့်မျှ၊ တရွေ့ရွေ့ခြင်း ဖြစ်သွားတာကိုပင်၊ငါသွားတယ်—သူသွားတယ်ခေါ်နေရတာဘဲလို့ ရှင်းရှင်းကြီး သိနေပါတယ်။

ယခုပြောခဲ့တဲ့အတိုင်း၊ ကော ဂစ္ဆတိ၊ကဿ ဂမနံ၊ ကိံ ကာရဏာ ဂစ္ဆတိ—ဆိုတဲ့၊ **မေးခွန်းသုံးချက်ကို၊ ပြေလည်အောင် အသိရှင်းတာကို**၊ သမ္ပဇာနနဉာဏ်ဘဲလို့ အဋ္ဌကထာမှာဆိုထားပါတယ်။ဒီလိုသိတာဟာ၊ **ပဇာနာတိ-အရ အပြားအားဖြင့် သိတာပါဘဲတဲ့**၊ ဒါဟာ—အပြားအားဖြင့် သိပုံကို၊ကျယ်ပြန့် တင်းပြည့်အစုံအလင် ဖွင့်ပြထားတဲ့ အဋ္ဌကထာ အဆိုပါဘဲ၊ **ဒီ အဋ္ဌကထာထက်ပိုပြီးတော့၊ ပြားစရာမလိုတော့ပါဘူး။** ကဲ—သန္နိဋ္ဌာန်ကျ ဆုံးဖြတ်နိုင်အောင်၊အဋ္ဌကထာအဆိုကို နားထောင်ကြဦး။

ဧသ၊ သွားလျှင် သွားသည်ဟု သိသည်—ဆိုသောဘုရား စကားတော်နှင့် အညီ၊ ရှုမှတ်နေတဲ့ ဤယောဂီသည်။ဧဝံပဇာနာတိ၊ဤသို့အပြားအားဖြင့်သိ၏။(အပြားအားဖြင့် သိပုံကို သေသေချာချာ နားစိုက် ကြပါ) ဂစ္ဆာမီတိစိတ္တံ၊ သွားမယ်ကြံတဲ့စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ရှေးဦးစွာဖြစ်ပေါ်လာ၏။ တံ၊ ထိုစိတ်က။ ဝါယံဇနေတိ၊ တောင့်တင်းလှုပ်ရှားမှုကို ဖြစ်ပေါ်စေ၏။( **တောင့်တင်း**

**တာက ဝါယောဓာတ်ရဲ့ ဝိကျွမ္တနလက္ခဏာဘဲ။ လှုပ်ရှားတာက သမုဒီရဏ ရသ-ဘဲ )** ဝိတ္တကိရိယ ဝါယောဓာတုဝိပ္ဖါရေန၊ စိတ်ကြောင့်ဖြစ်တဲ့ တောင့် တင်းလှုပ်ရှားမှု၏ ပြန့်နှံ့ခြင်းကြောင့်။ သကာလ ကာယဿ၊ တကိုယ်လုံး၏။ပုရတော အဘိနီဟာရော၊ ရှေ့ဘက်သို့ တွဲ့တွဲ့ဆောင်သွားခြင်းကို။ဂမနန္တိ ဝုစ္စတိ၊ သွားတယ်ခေါ်ရတာဘဲဟုသိ၏။(ယောဂီဟာ ဒီအတိုင်း သိရမတဲ့၊ ဒီလိုသိတာဟာ၊ **ပဇာနာတိအရ-အပြား အားဖြင့် သိတဲ့ဉာဏ်ပါဘဲတဲ့။)**

ဇမာလိုရှင်းရှင်းပြန်ရရင်······ယောဂီဟာ၊ သွားမယ် ကြံတဲ့စိတ် ဖြစ်လာတာကိုလဲ သိရမယ်။ပြီးတော့ ·····အဲဒီ စိတ်ကြောင့်၊ တောင့်တင်း လှုပ်ရှားမှုတွေ အနှံ့အပြား၊ လှုပ်လှုပ်ရှားရှား ဖြစ်လာတာကိုလဲ သိရမယ်။ပြီးတော့··· ဒီတောင့်တင်းလှုပ်ရှားမှုတွေအနှံ့အပြားတရွေ့ခြင်းဖြစ် ပေါ်သွားလို့ ရှေ့ဘက်ကို တကိုယ်လုံး ရွေ့ရွေ့သွား တာကိုပင်၊ ငါသွားတယ်-သူသွားတယ်လို့ ခေါ်ရတာ ဘဲ၊သွားတတ်တဲ့ ငါကောင် သူကောင်ရယ်လို့တော့ မရှိ ဘူး-ဆိုတာကိုလဲ သိရမတဲ့။ ဒီလိုသိတဲ့ အသမ္မောဟ သမ္ပဇဉ်ဉာဏ်ဟာ၊ကမ္မဋ္ဌာန်းလဲဖြစ်ပါတယ်၊အမှတ်ရပြီး သိတဲ့အတွက် သတိပဋ္ဌာန်ဘာဝနာလဲ ဖြစ်ပါတယ်။ ဒါကြောင့်······ ဒီလို အသိကိုသာရည်ရွယ်ပြီး၊ မြတ်စွာ ဘုရားက၊ "သွားရင်-သွားတယ်လို့သိတယ်" -ဆိုတဲ့စ ကားကို ဟောတော်မူတာပါတဲ့။

ဒီတော့.....ဒီနေရာမှာ၊ ပါဠိတော်နှင့် အဋ္ဌကထာကို သေသေချာချာ စပ်ပြီးကြည့်ရင်၊ ပါဠိတော်က၊ **ဂေါစရသမ္ပဇဉ်အရ** အားထုတ်ပုံကိုတိုက်ရိုက်ပြထားတာလို့ ထင်ရှားနေပါတယ်။အဋ္ဌကထာကတော့......ပါဠိတော်နည်းအတိုင်းအားထုတ်နေတဲ့ ယောဂီမှာ၊သမာဓိဉာဏ် ရင့်တော့ **အသမ္မောဟ သမ္ပဇဉ် ဖြစ်လာပုံကို** ပြပြီး၊ ပါဠိတော်ကို ထောက်ခံထားတာလို့ ထင်ရှားနေပါတယ်။ဒါကြောင့်......ဆရာတော်တို့ကလဲ၊ အဲဒီအဋ္ဌကထာကိုဘဲ အားကိုးပြုပြီး၊ပါဠိတော်နည်းအတိုင်း ညွှန်ပြနေပါတယ်။ညွှန်ပြတဲ့အတိုင်းလဲ အားထုတ်ကြလို့။ ဒီလိုအသမ္မောဟသမ္ပဇဉ် အသိမျိုးနဲ့ ကောင်းကောင်းကြီးပြည့်စုံနေတဲ့သူတွေဟာ၊ ဆရာတော်ရဲ့ တပည့်ထဲက၊ စာတတ်ပုဂ္ဂိုလ်တွေရော,စာမတတ်တဲ့ပုဂ္ဂိုလ်တွေရော၊ ရဟန်းရှင်လူ-ထောင်ပေါင်းများစွာရှိနေပါပြီ။ ဒီတော့... သွားတယ်သွားတယ်လို့ မှတ်နေရုံနဲ့၊ ဒီလိုအသိမျိုးဖြစ်နိုင်ပါ့မလားလို့တော့၊ ယုံမှား တွေဝေ မနေကြပါနဲ့။ ယုံမှားတွေဝေနေရင်၊ **ဝမ်းတွင်းကထဲက မျက်စိကန်းလာတဲ့လူလို** ဖြစ်နေပါလိမ့်မယ် - ဝမ်းတွင်းကန်းဟာ၊ သူကိုယ်တိုင်က မမြင်တာနဲ့၊သူများမြင်တယ်ဆိုတာကို မယုံသလိုပေါ့၊ ပြီးတော့......ယခု ဒုလ္လဘတရားတွေနဲ့ ဝေဝေဆာဆာကြီး ရထားတဲ့လူ့ဘဝဟာ၊ အင်မတန်ကို ကံကောင်းလို့ ရထားတာပါ။ ဒီလူ့ဘဝကြီးကိုလဲ အချည်းနှီး ဆုံးရှုံးသွားပါလိမ့်မယ်။ ဒါကြောင့်......

**ကိုယ့်ကိုယ်ကို တကယ်ချစ်ပြီး၊ ကိုယ့်အကျိုးစီးပွါးကို တကယ်လိုလားကြရင်၊ ဒီသတိပဋ္ဌာန်တရားကို အားထုတ်ဖြစ်အောင်သာ ကြိုးစားပြီးအားထုတ်ကြည့်ကြပါ။**ဆရာတော်ရဲ့ ညွှန်ပြချက်အတိုင်း နေ့ရောညဉ့်ပါ မပြတ်မစဲ တကယ် အားထုတ်ကြရင်တော့ လေး-ငါး-ခြောက်ရက်အတွင်းမှာ၊ အခုပြောခဲ့တဲ့ အသိဉာဏ်မျိုးကို ကိုယ်တိုင်တွေ့ကြမယ်ဆိုတာကို မဲမဲကြီး ဝန်ခံချက်ပေးပြီးဟောနေပါတယ်။

ယခု ပြောခဲ့တဲ့အတိုင်း၊ သွားခိုက်မှာ အသိဉာဏ်ရှင်းနေသလိုဘဲ၊ရပ်ခိုက် ထိုင်ခိုက် လဲ့အိပ်ခိုက်များမှာလဲ၊စိတ်နဲ့ရုပ်အဆင့်ဆင့်မျှ၊ဖြစ်ပျက်နေတာကို ရှင်းလင်းစွာသိနေပါတယ်၊ ဒီလို ဣရိယာပုထ် လေးပါးလုံးမှာ စိတ်နဲ့ရုပ် အဆင့်ဆင့် ပေါ်လိုက် ပျောက်လိုက်နဲ့ဖြစ်ပျက်နေတာကို၊ ရှင်းလင်းစွာ သိနေတာဟာ **သမုဒယဓမ္မာနုပဿီ၊ ဝယဓမ္မာနုပဿီ-အရ၊** ဖြစ်ပေါ်လာတဲ့ **အသမ္မောဟ သမ္ပဇဉ်ဉာဏ် ပါဘဲ။**

မပြတ်မစဲ ဆက်လက်ပြီး ရှုမှတ်နေရင်၊ ဒီဉာဏ်ဟာ တဆင့်ထက် တဆင့် ရင့်သန်ပြီး၊ မဂ်ဖိုလ်ဉာဏ်ပေါ်ပေါက်ခါ၊ နိဗ္ဗာန်ကို ရောက်စေနိုင်ပါတယ်။ ဒါကြောင့်---တရားကျေညာချက်ထဲမှာ၊ မြတ်စွာဘုရားက၊ **ဥာယသ အဓိဂမာယ၊နိဗ္ဗာနဿ သစ္ဆိကိရိယာယ—**လို့ ဟောတော်မူတာဘဲ။

ကဲ အချိန်က ကျနေပြီ၊ သတိပဋ္ဌာန်တရားတော် ဒုတိယပိုင်းကို ဒီမျှနဲ့ဘဲ အဆုံးသတ်တော့မယ်။ နောက် သီတင်းနေ့မှာ တတိယပိုင်းကို ဆက်လက်၍ နာယူမှတ် နိုင်ကြပါစေ။

**ဒုတိယပိုင်းပြီး၏။**

## မဟာစည်ဆရာတော်

၁၃၁၃-ခု၊ ကဆုန်လပြည့် ဥပုသ်နေ့ ညတွင်အသံလွှင့်သည့်

# မဟာသတိပဋ္ဌာန်တရားတော်ကြီး

## (တတိယပိုင်း)

ဒီနေ့ ဟောမယ့်တရားလဲ၊ မဟာသတိပဋ္ဌာန်တရားတော်ပါဘဲ။ အရင်သီတင်းနေ့က၊ ဒုတိယပိုင်း။ ဒီကနေ့တော့ တတိယပိုင်းပေါ့။ ဒီနေ့အလှည့်ကျနေတဲ့သမ္ပဇညပိုင်းမှာ ဟောထားပုံကတော့......

အဘိက္ကန္တေ၊ ရှေ့သို့သွားလျှင်။ ပဋိက္ကန္တေ၊ နောက်သို့ပြန်လျှင်။ သမ္ပဇာနကာရီ၊ အသိဉာဏ်ဖြင့်ပြုသည်။ ဟောတိ၊ ဖြစ်၏တဲ့။ ယောဂီဟာ **ရှေ့သွားရင်လဲ အသိနဲ့** ပြုရမယ်၊ **နောက်ပြန်ရင်လဲအသိနဲ့** ပြုရမယ်၊ မသိဘဲနဲ့တော့၊ သွားခြင်း–ပြန်ခြင်းကို မပြုရဘူးတဲ့။ ဒါကြောင့်.... ထိုင်နေရင်းဘဲ ဖြစ်ဖြစ်၊ ရပ်နေ ရင်းဘဲ ဖြစ်ဖြစ်၊ ရှေ့ဘက်-နောက်ဘက်ကို ယိမ်းသွားတိုင်း၊ ယိမ်းတယ်ယိမ်းတယ်စသည်ဖြင့်၊ စေ့စေ့စပ်စပ်ရှုမှတ်ပြီး။ မပြတ်သိစေရမယ်။ ပြီးတော့......ဘယ်ဘက်ဘေး၊ ညာဘက်ဘေးကိုယိမ်းသွားရင်လဲ၊ နည်းတူဘဲမှတ်သိစေရမယ်။ ဒီနေရာမှာ......ဘေးဘက် ယိမ်းတာကတော့၊ သာမုက္ကံသိက ဒေသနာထဲမှာ၊ မပါဘူး မဟုတ်လား၊ ဒီတော့ အဲဒီလို တိုက်ရိုက်မဟောတဲ့ ကိုယ်အမူအရာ

တွေကိုမှတ်ထားဟာ၊ကာယာနုပဿနာဖြစ်နိုင်ပါ့မလား လို့၊ဒီလို **ဝိစိကိစ္ဆာပွါးပြီး** ယုံမှားတော့မနေကြပါနဲ့။ သာမုက္ကံသိက ဒေသနာတော်ဆိုတာ၊ သိရုံလောက်ပဲ နည်းပြထားတာပါ။အကုန်လုံးစုံအောင် ဟောထားတာ မဟုတ်ပါဘူး။အကုန်လုံးဟောနေရင် အလွန်ကျယ်ဝန်း သွားမှာပေါ့၊အထူးသတိပြုစရာကတော့ ရှေ့ယိမ်းတာ ဘဲဖြစ်ဖြစ်၊ နောက်ယိမ်းတာဘဲဖြစ်ဖြစ်၊ ဘေးဘက် ယိမ်းတာဘဲဖြစ်ဖြစ်၊ယိမ်းမှုဆိုရင် ရုပ်တရားချည်းဘဲ။ **နိစ္စ,သုခ,အတ္တ-လို့ စွဲလမ်းနိုင်တာချည်းဘဲ။စွဲလမ်းနိုင် တဲ့ ရုပ်နာမ်ဆိုရင်၊အဲဒီ စွဲလမ်းမှုကင်းအောင်၊ ဝိပဿ နာရှုရတာချည်းဘဲ။** ဒါဟာ ဝိပဿနာရဲ့ မှုသေစည်း ဘဲ။ ဒါကြောင့်……နိစ္စ, သုခ, အတ္တ-လို့ စွဲလမ်းနိုင်တဲ့ ရုပ်တရား နာမ်တရားမှန်ရင်၊တိုက်ရိုက်ဟောမထားပေ မယ့်၊ ဒေသနာမှာ နည်းပြထားတဲ့အတိုင်း ရှုသင့်တာ ချည်းဘဲဆိုတာကို၊ မြဲမြဲကြီးမှတ်ထားကြရမယ်။

အသိဉာဏ်ဖြင့်ပြုတယ်–ဆိုရာမှာ၊ သမ္ပဇဉ်ခေါ်တဲ့ အသိဉာဏ်က၊(၄)မျိုးရှိပါတယ်။ဘာများလဲဆိုတော့… အမှတ်(၁)သာတ္ထကသမ္ပဇဉ်။ အမှတ်(၂) သပ္ပါယသမ္ပ ဇဉ်။ အမှတ် (၃) ဂေါစရသမ္ပဇဉ်။ အမှတ် (၄) အသမ္မောဟသမ္ပဇဉ်တဲ့။

ဒီ (၄)မျိုးထဲမှာ၊ အမှတ်(၁) **သာတ္ထကသမ္ပဇဉ်** ဆိုတာက၊တစုံတခုကိုပြုတော့မယ်ဆိုရင်၊အကျိုးရှိမယ် မရှိဘူးဆိုတာကို၊ ရှေးဦးစွာဆင်ခြင်ကြည့်ရမယ်။ ဒီလို

ဆင်ခြင်ပြီးတော့၊ အကျိုးရှိမှပြုလုပ်ရမယ်။ အကျိုးမရှိရင်တော့၊ မလုပ်ရဘူး။ ဒီအထဲမှာ…အကျိုးရှိ—မရှိ ဆင်ခြင်တာကို သာတ္ထကသမ္ပဇဉ်လို့ခေါ်တယ်။

အမှတ်(၂)**သပ္ပါယသမ္ပဇဉ်**ဆိုတာက၊ အကျိုးရှိတဲ့ ကိစ္စပေမယ့်၊ ကိုယ့်ဂုဏ်အဆင့်နဲ့ သင့်တော်မယ်—မတော်ဘူးဆိုတာကိုလဲ၊ ဆင်ခြင်ကြည့်ရဦးမယ်၊ ဒီလိုဆင်ခြင်ပြီးတော့၊ သင့်တော်မှပြုလုပ်ရမယ်၊ မတော်ရင်တော့ မလုပ်ရဘူး။ ဒီအထဲမှာ…တော်-မတော် ဆင်ခြင်တာကို သပ္ပါယသမ္ပဇဉ်လို့ ခေါ်တယ်။

သာတ္ထကနဲ့ သပ္ပါယဆိုတဲ့ ဒီသမ္ပဇဉ် ၂—မျိုးကတော့၊ နေ့ရာတကာမှာဘဲ အသုံးကျပါတယ်။ လောကရေးရာမှာလဲ ကျေးဇူးများတာဘဲ၊ ဒီသမ္ပဇဉ် ၂-မျိုးနဲ့ပြည့်စုံရင်၊ လောကမှာလဲ ကြီးပွါးချမ်းသာနိုင်တာဘဲ။ ဘာဝနာအရာမှာလဲ အခြေခံအဖြစ်နဲ့ ကျေးဇူးများတာဘဲ။ ဒါကြောင့်… သမထ-ဝိပဿနာရဲ့ အထောက်အပံ့ အခြံအရံဖြစ်တဲ့ ဒီသမ္ပဇဉ် ၂—မျိုးကိုတော့၊ **ပါရိဟာရိကပညာ**လို့လဲ ခေါ်ထားပါတယ်။ သို့ပေမယ့်၊ ဘာဝနာဉာဏ်တော့၊ မဟုတ်သေးပါဘူး။

အမှတ် (၃) **ဂေါစရသမ္ပဇဉ်** ဆိုတာကတော့၊ ယောဂီရဲ့ ကျက်စားရာဖြစ်တဲ့ ကမ္မဋ္ဌာန်း အာရုံမှာ၊ သမာဓိဉာဏ် မပြတ်ဖြစ်နေတာကိုဘဲ ဆိုလိုပါတယ်။ ဝိပဿနာအရာမှာတော့၊ ကာယ,ဝေဒနာ,စိတ္တ,ဓမ္မ-လို့ခေါ်တဲ့၊ ကိုယ်,နှုတ်,စိတ်-အမူအရာတိုင်းကို ရှုမှတ်ပြီး

မပြတ် သိနေတာကိုဘဲ၊ ဂေါစရသမ္ပဇဉ်လို့ ဆိုလိုပါတယ်။ ဒီဂေါစရသမ္ပဇဉ်ဟာ၊ ဝိပဿနာ၏ အလုပ်စခန်းပါဘဲ၊ အလွန်လဲ အရေးကြီးပါတယ်။ **ဒီ ဂေါစရသမ္ပဇဉ်ကပြည့်စုံပါမှ အသမ္မောဟသမ္ပဇဉ်ဆိုတာ၊ ဖြစ်ပေါ်လာနိုင်တာဘဲ။** ဒါကြောင့်……ပါဠိတော်မှာ၊ ဒီဂေါစရသမ္ပဇဉ်ကိုဘဲ ပဓာနပြုပြီး ဟောထားပါတယ်၊ အဋ္ဌကထာမှာလဲ၊ ပုဂ္ဂိုလ် ၄-မျိုးနဲ့ ခွဲပြထားပါတယ်။ ဘယ်လိုလဲဆိုတော့……

**ဆွမ်းခံအသွားမှာ ကမ္မဋ္ဌာန်းပါပြီး၊ အပြန်ကျတော့၊ ကမ္မဋ္ဌာန်းမပါတဲ့ ပုဂ္ဂိုလ်က ၁-ပါးတဲ့။** ဒီနေရာမှာ……ဆွမ်းခံသွားတာ– ပြန်တာနဲ့၊ ပြထားတာကတော့၊ သတိလွတ်တတ်တဲ့အလုပ်ထဲမှာ၊ ကမ္မဋ္ဌာန်းကိုလေးစားမှု ရှိ-မရှိသိနိုင်အောင်ပြထားတာပါဘဲ၊သို့ပေမယ့်ယောဂီဆိုရင်၊ကိုယ့်နေမြဲနေရာကျောင်းမှာတော့၊ မပြတ်မစဲဘဲ အားထုတ်နေရပါတယ်။

ပြီးတော့……**အရေးကြီးတဲ့ ကိစ္စတခုခုကြောင့်၊ အသွားတုန်းက ကမ္မဋ္ဌာန်းမပါဘဲနဲ့၊အပြန်ကျမှကမ္မဋ္ဌာန်းပါတဲ့ပုဂ္ဂိုလ်က ၁-ပါးတဲ့။** ဒီ ဒုတိယပုဂ္ဂိုလ်မျိုးကတော့၊ယာဂုသောက်ရင်း၊ဆွမ်းစားရင်းပင်၊ မဂ်ဖိုလ်ရောက်တတ်ပါသတဲ့။ဟို……ရှေးခေတ်တုန်းက၊သီဟိုဠ်ကျွန်းတွင်၊ ဆွမ်းစားဇရပ်တွေမှာ၊ ဒီလိုယာဂုသောက်ရင်း၊ဆွမ်းစားရင်းနဲ့။ မဂ်ဖိုလ်ရောက်သွားတဲ့ ရဟန်းတော်တွေ အလွန်များသတဲ့။ အရိယာမဖြစ်ဘူးတဲ့ နေ

ရာကို မရှိလောက်အောင်၊ များတယ်ဆိုတဲ့။ ဒီတော့ ယခုနေအခါမှာလဲ စားရင်း သောက်ရင်း၊ မဂ်ဖိုလ် ရောက်တဲ့သူတွေ၊ရှိတယ်ဆိုတာယုံကြည်သင့်ပါတယ်။

ပြီးတော့…**အသွားရော အပြန်ရော နေ့ရော ညရော ဘယ်အချိန်မှ ကမ္မဋ္ဌာန်းမရှိတဲ့ပုဂ္ဂိုလ်က ၁-ပါးတဲ့။** ဒီ တတိယပုဂ္ဂိုလ်ကိုတော့ **ပမာဒဝိဟာရီ** လို့ခေါ်ပါ တယ်။ "အချင်းခပ်သိမ်း အမှတ်မရှိဘဲ မေ့မေ့ လျော့ လျော့ နေတဲ့ပုဂ္ဂိုလ်"လို့ ဆိုလိုတာပေါ့။ ပြီးတော့…သူ့ ကို **နိက္ခိတ္တဓုရပုဂ္ဂိုလ်** လို့လဲ ခေါ်ထားပါတယ်။ "ငါ တော့ ဒီဘဝမဂ်ဖိုလ်မရနိုင်ပါဘူး၊ ရအောင်လဲ အား မထုတ်တော့ပါဘူး"လို့ ဝန်ချထားတဲ့ပုဂ္ဂိုလ်တဲ့။ ဒီလို ပုဂ္ဂိုလ်ကတော့…… ကမ္မဋ္ဌာန်းနှာမ အဋ္ဌိတိပိ သညံ အကတွာ-လို့ဆိုတဲ့အတိုင်း "ကမ္မဋ္ဌာန်းဆိုတာရှိတယ်" လို့တောင် အသိအမှတ်မပြုဘဲ၊ ပေါက်လွှတ်ပဲစားနေတဲ့ ပုဂ္ဂိုလ်–တဲ့။ အတော်ညံ့တဲ့ ပုဂ္ဂိုလ်ပါဘဲ။ သို့ပေမယ့်… ဒါထက်ဆိုးတာကတော့၊သူများအတွက်ပါ ဝန်ချထား တာဟာ အဆိုးဆုံးပါဘဲ။ ဘယ်လိုလဲဆိုတော့……ယခု ခေတ်မှာ မဂ်ဖိုလ်မရနိုင်တော့ဘူးလို့ ကန့်ကွက်နေတာ တွေပေါ့။

ဒီနေရာမှာ လေးလေး နက်နက် စဉ်းစားစရာက တော့……"**ဆေးနည်းရှိနေရင်၊ဆေးဖေါ်ပြီး စားတဲ့ သူမှာ၊ရောဂါပျောက်နိုင်တာလို၊ဘုရားစကားတော် တွေ ရှိနေသမျှကာလပတ်လုံး၊ ပါရမီရှိသူတွေဟာ**

**အားထုတ်ပြီး မဂ်ဖိုလ်ရောက်နိုင်တယ်**” ဆိုတာကို တော့ မမေ့သင့်ပါဘူး၊ ပြီးတော့……ကျမ်းဂန်အရဆို ရင်လဲ……ယခုခေတ်မှာ မဂ် ဖိုလ် မရနိုင်တော့ဘူးလို့၊ ဘယ်ကျမ်းဂန်ကမှ မဆိုတဲ့ပြင်……သုတ် အဋ္ဌကထာ ကြီးတွေမှာ၊ **တေဝိဇ္ဇ-ရဟန္တာအထိ** ဖြစ်နိုင်သေး တယ်လို့တောင် ဆိုထားပါတယ်။ **အောက်ထစ်ဆုံး ပြထားတဲ့**၊ ဝိနည်းအဋ္ဌကထာမှာတောင်မှ၊ **အနာဂါမ် အထိ** ဖြစ်နိုင်သေးတယ်လို့ ဆိုထားပါတယ်။

**အနိုင်မာဆုံး** သာဓက စကားကတော့…“ဣမေစ သုဘဒ္ဒ ဘိက္ခူ။ **သမ္မာဝိဟရေယျုံ**၊ အသုညော လော ကော အရဟန္တေဟိ အဿ”-လို့ ဆိုတဲ့၊ဘုရားမိန့်ခွန်း တော်ပါဘဲ။ဒီမိန့်ခွန်းတော်မှာ……“ဝိပဿနာယောဂီနဲ့ အရိယာတွေကသာ၊ ကောင်းကောင်း နေသွားမယ်ဆို ရင်၊ လောကမှာ ရဟန္တာတွေ မဆိတ်နိုင်ဘူး” လို့ ဆိုထားပါတယ်။ ဒီစကားထဲက **သမ္မာဝိဟရေယျုံ**- ဆိုတဲ့ပုဒ်ရဲ့ အနက် အဓိပ္ပါယ်ကိုတော့ မှန်မှန်ကန်ကန် သိထားဘို့ လိုပါတယ်။ ယောဂီပုဂ္ဂိုလ်နဲ့ အရိယာ ပုဂ္ဂိုလ်တွေဟာ၊ ဟောပြော တိုက်တွန်းမှု မရှိဘဲ၊ ကုပ်ကုပ်ကလေး ကျင့်နေရုံနဲ့၊အစဉ်အဆက် သာသနာ တည်သွားနိုင်ပါ့မလား၊မတည်နိုင်ပါဘူး။ အဆင့်ဆင့် ဟောပြောတိုက်တွန်းပေးမှ၊ အရှည် တည်တံ့သွားနိုင် ပါတယ်။ ဒါကြောင့်… “**သမ္မာဝိဟရေယျုံ-ကောင်း ကောင်းနေတယ်**”ဆိုတာဟာ၊ ကိုယ်သိထားတဲ့တရား

ကို၊အားထုတ်နည်းနှင့်တကွ၊ **တဆင့်ပြောပြပြီးတော့၊** သူတပါးကိုလဲ၊မိမိလို တရားရသွားအောင်၊ **တိုက်တွန်း ပေးနိုင်ပါမှ၊ ကောင်းကောင်းနေတာမည်တယ်လို့၊** အဋ္ဌကထာမှာ ပြထားပါတယ်။ ဒီနည်းအတိုင်းဆိုရင်… တရားသိပြီး ပုဂ္ဂိုလ်တယောက်က ၂–ယောက်၊ ၃–ယောက်၊ ၁၀–ယောက်၊ တရာ–စသည် ပွါးပြီး အဆက်ဆက် သာသနာတော် တည်သွားနိုင်ပါတယ်။ ဒီကောင်းကောင်းနေပုံဘဲမှာ၊ အားထုတ်နည်းနှင့်တကွ ဟောပြော တိုက်တွန်းတာဟာ၊ ပရိယတ်ဘဲ။ ဒါကြောင့်……ပရိယတ် မပါဘူးလို့လဲ မဆိုနိုင်ပါဘူး။ ဒီတော့……သမ္မာဝိဟာရေယျ - ဆိုတဲ့အတိုင်း၊ ဟောပြောတိုက်တွန်းမှုဆိုတဲ့၊ **ကောင်းကောင်းနေမှုဟာ၊** ယခုခေတ်မှာ ထင်ရှား **ရှိနေတယ် မဟုတ်လား။** ရှိနေရင် "အသုညော လောကော အရဟန္တေဟိ အဿ" လို့ဆိုတဲ့အတိုင်း၊**ရဟန္တာအထိ၊မဂ်ရောက်ဖိုလ်ရောက် ပုဂ္ဂိုလ်တွေ၊ မဆိတ်မသုဉ်းဘဲ၊ ထင်ရှားရှိနေတယ်–** ဆိုတာဟာ၊ သေချာနေတော့တာဘဲ၊ ပြီးတော့…… မလွဲနိုင်တဲ့အကျိုးနဲ့ စဉ်းစားမယ်ဆိုရင်လဲ….နည်းလမ်းမှန် အတိုင်း အားထုတ်ရင် မဂ်ဖိုလ်မရောက်တောင် သီလ သမာဓိ ပညာဖြစ်ပြီး၊**ပါရမီ ရင့်သွားနိုင်တာကတော့** ကိန်းသေနေတာဘဲ၊ဒါကြောင့်……ကျမ်းဂန်နှင့် အညီ အားထုတ်တာကိုတော့၊ ဗုဒ္ဓဘာသာဝင်မှန်ရင် ဘယ်နည်းနဲ့မှ မတားမြစ်ထိုက်ပါဘူး၊ တားမြစ်ရင်

“မဂ္ဂဉာဏ်ရယ်ပြုရာလဲ ရောက်တယ်၊ ဗုဒ္ဓသာသနာတော်ကို ဝိတ်ပင် ဖျက်ဆီးရာလဲရောက်တယ်” ဆိုတာကို လေးလေးနက်နက်ကြီး စဉ်းစားကြစေလိုပါတယ်။

ပြီးတော့……**ဆွမ်းခံ အသွားရော၊ အပြန်ရော၊ နေ့ရော၊ ညရော၊ နိုးနေခိုက်မှာဆိုရင် ဘယ်အချိန်မှ ကမ္မဋ္ဌာန်းမလွှတ်တဲ့ ပုဂ္ဂိုလ်က ၁–ပါးတဲ့၊** ဒီစတုတ္ထ ပုဂ္ဂိုလ်ကတော့ အကောင်းဆုံး အမြတ်ဆုံး ပါဘဲ၊ ဒီပုဂ္ဂိုလ်မျိုးကတော့ “ယခုဘဝတွင်ဘဲ အရဟတ္တဖိုလ် ရောက်နိုင်တယ်၊ စောစောက မရောက်တောင် သေခါနီးတော့ ရောက်နိုင်တယ်၊ ဒီလို မရောက်သေးရင်လဲ နောက်ဘဝမှာ နတ်အဖြစ်နဲ့ ရောက်နိုင်တယ်။ ဒီလိုမှ မရောက်သေးရင်လဲ နောက်ဘုရား သာသနာကျတော့ ခိပ္ပါဘိညာ- စသော ဂုဏ်ထူးတွေနဲ့ ထင်ထင်ရှားရှား ရဟန္တာကြီးဖြစ်နိုင်တယ်”လို့ အဋ္ဌကထာမှာ ဆိုထားပါတယ်၊ ဒီတော့…တရားအားထုတ်တဲ့သူမှာ ဘာမှအားငယ်စရာမရှိပါဘူး၊ မြော်လင့်စရာတွေ အများကြီး ရှိနေတာဘဲ၊ ဒါကြောင့်……**ဆရာတော်တို့က ဒီစတုတ္ထ ပုဂ္ဂိုလ်ရဲ့ အချိုးအစား အတိုင်း မိနစ် စက္ကန့်မျှ မလစ်လပ်စေဘဲ မပြတ်ရှုမှတ်ရတဲ့ ဂေါစရသမ္ပဇဉ် လုပ်ငန်းကို ညွှန်ပြနေတာဘဲ။**

အမှတ် (၄) **အသမ္မောဟ သမ္ပဇဉ်** ဆိုတာကတော့ ရုပ်နာမ်–အဖြစ်အပျက် အနိစ္စ–ဒုက္ခ–အနတ္တ အချက်တွေကို ကွက်ကွက် ကွင်းကွင်း ရှင်းလင်းစွာ

သိသွားတာကိုဘဲ ဆိုလိုပါတယ်၊ ဒီလို အသိဉာဏ်ဟာလဲ ဂေါစရသမ္ပဇဉ် ပြည့်စုံတဲ့အခါမှာ အလိုလိုပင် ဖြစ်ပေါ်လာပါတယ်၊ သူ့အတွက် တမင် သီးခြားအားမထုတ်ရတော့ပါဘူး၊ ဖြစ်ပေါ်လာပုံ အစဉ်ကတော့……ယိမ်းသွားတိုင်း ယိမ်းတယ်- ယိမ်းတယ်- စသည်ဖြင့် ရှုးစိုက်ပြီး ဂေါစရသမ္ပဇဉ်အရ မပြတ်မှတ်နေတဲ့ ယောဂီဟာ သမာဓိဉာဏ်ရင့်လာတော့ ယိမ်းချင်သွားချင်တဲ့စိတ်ကိုလဲ ဖြစ်တိုင်း ဖြစ်တိုင်း သိသိသွားပါတယ်၊တငွေ့ငွေ့ခြင်း တောင့်တင်းလှုပ်ရှားတဲ့ ရုပ်တွေကိုလဲ တပိုင်းစိတပိုင်းစိ ပိုင်းခြားပြီး သိသိသွားပါတယ်၊ ဒီတော့……"ယိမ်းတတ် သွားတတ်တဲ့ ငါကောင်ဆိုတာ မရှိဘူး၊စိတ်အဆင့်ဆင့်နဲ့ တောင့်တင်း လှုပ်ရှားမှု ရုပ်အဆင့်ဆင့်မျှ ရှိတာဘဲ"လို့ ရှင်းရှင်းကြီး သိသွားပါတယ်၊ဒီလို သိသွားတာဟာ အသမ္မောဟ သမ္ပဇဉ် ပါဘဲ၊ဒါကြောင့်……ကိုယ်အမူအရာ ဟူသမျှကို ရှုးစိုက်ပြီး မပြတ်မှတ်သိရတဲ့ **ဂေါစရသမ္ပဇဉ်** ဆိုတာက **ယောဂီရဲ့ အလုပ်တာဝန်**၊ရုပ်နာမ်-အဖြစ်အပျက်-အနိစ္စ-ဒုက္ခ-အနတ္တ အချက်တွေကို ရှင်းရှင်းကြီး သိသွားတဲ့ **အသမ္မောဟ သမ္ပဇဉ်** ဆိုတာက သမာဓိဉာဏ် **တရားရဲ့ အလုပ်တာဝန်** လို့ ဒီလို ကိုယ့်တာဝန် သူ့တာဝန် ခွဲခြားပြီး မှတ်ထားကြရမယ်၊ ဒီလို မှတ်ထားပြီး အားထုတ်တဲ့အခါကျတော့လဲ၊ဂေါစရသမ္ပဇဉ်ဆိုတဲ့ ကိုယ့်အလုပ်တာဝန်ကိုသာ ကျေပွန်အောင် မှတ်ရှုကလေး

သာ မပြတ် မှတ်သိနေရမယ်၊ ဒီလို ကိုယ့်အလုပ် ကျေပွန်ရင် သမာဓိဉာဏ်တရားကလဲ သူ့တာဝန်ကို သူဆောင်ပြီး အသမ္မောဟ သမ္ပဇဉ် ဖြစ်လာပါလိမ့်မယ်။

အချိန်က နဲသွားပြီ၊ တိုတိုဘဲ ပြောရတော့မယ်၊ အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ၊ ဒီ ဒေသနာအရ တဲ့တဲ့ ကြည့်တာလဲ မှတ်ရမယ်၊ စောင်းငဲ့ကြည့်တာလဲ မှတ်ရမယ်၊ ဘယ်လိုဘဲ ကြည့် ကြည့်၊ ကြည့်ချင်တယ် ကြည့်တယ် မြင်တယ်လို့ စေ့စေ့စပ်စပ်မှတ်ရမယ်။

သမိဉ္ဇိတေပသာရိတေ သမ္ပဇာနကာရီ၊ ဒီ ဒေသနာတော်အရ-ကွေးတိုင်း ဆန့်တိုင်း ကွေးချင်တယ်၊ ကွေးတယ် ဆန့်ချင်တယ် ဆန့်တယ်လို့ စေ့စေ့စပ်စပ် မှတ်ရမယ်၊ ဒါက အကြောင်းရှိလို့ ကွေးတဲ့ ဆန့်တဲ့ အခါမှာ မှတ်ဘို့ပြောတာပါ၊ တမင်ကွေးကြည့်၊ ဆန့်ကြည့်ပြီး မှတ်ဘို့ပြောတာတော့ မဟုတ်ပါဘူး။

သင်္ဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ၊ ဒီဒေသနာတော်အရ သင်္ကန်း သပိတ် အဝတ် အိုး ခွက်စသော အသုံးအဆောင်များကို ကိုင်တိုင်း ယူတိုင်း၊ ကိုင်ချင်တယ် ကိုင်တယ် စသည်ဖြင့် စေ့စေ့စပ်စပ် မှတ်ရမယ်။

အသိတေ ပီတေ သမ္ပဇာနကာရီ၊ ဒီဒေသနာတော်အရ စားတိုင်း သောက်တိုင်း စေ့စေ့စပ်စပ် မှတ်ရမယ်၊ ဒီနေရာမှာတော့……မှတ်စရာတွေက အလွန်များတာဘဲ။

ဥဒ္ဒါရ ပဿာဝကမ္မေ သမ္ဘောနကာရီ၊ ဒိဒေဿနာ တော်အရ ကျင်ကြီး ကျင်ငယ်စွန့်တဲ့အခါမှာလဲထင်ရှား တဲ့ ကိုယ်အမူအရာတွေကို စေ့စေ့စပ်စပ် မှတ်ရမယ်။

အတိုချုပ်အားဖြင့်ဆိုရင် နုတ်ခမ်း လှုပ်မှု, လျှာလှုပ် မှု,မျက်စိဖွင့်မှု, မှိတ်မှု, မျက်တောင်ခပ်မှု–တိုင်အောင် ကိုယ်အမူအရာ ဟူသမျှကို သေးသေးကြီးကြီး အကုန် လုံး စေ့စေ့စပ်စပ် ရှုးမိုက်ပြီး မှတ်သိနေရမယ်လို့ ဆိုသို့ ပါတယ်။

ဒီလို မပြတ်မှတ်နေရင် သမာဓိဉာဏ် ရင့်လာတော့ ပြုပြင်မယ်ကြံတဲ့ စိတ်ကလေးများကိုသဲ ထင်ရှာ သိသိ လာပါတယ်၊ အဲဒီလို အခါမှာ စိတ် အဆင့်ဆင့်နဲ့ တောင့်တင်းလှုပ်ရှားမှု ရုပ် အဆင့်ဆင့်ချည်းသာ တခု ပြီးတခု ပေါ်ပေါ်ပြီး ပျောက်ပျောက် သွားတာကို မပြတ်သိနေပါတယ်၊ဒီတော့……"**အမူအရာ တစုံတခု ကိုပြုတတ်တဲ့ ငါကောင်ရယ်လို့ မရှိဘူး၊ ဒီ စိတ်အဆင့် ဆင့်နဲ့ ရုပ်အဆင့်ဆင့် ရှိတာဘဲ**"လို့ အလိုလိုပင် အသိဉာဏ် ရှင်းသွားပါတယ်၊ အဲဒါဟာ အသမ္မောဟ သမ္ပဇဉ်ပါဘဲ။

မှတ်သိမှု–ဂေါစရသမ္ပဇဉ်နဲ့,,ရှင်းလင်း ဆုံးဖြတ်မှု- အသမ္မောဟသမ္ပဇဉ်ဆိုတဲ့-ဒီဉာဏ် ၂-မျိုးဟာ တဆင့် ထက်တဆင့် ရင့်ပြီး နောက်ဆုံးကျတော့ ဒီလိုမှတ်သိ နေရင်းပင် ရုပ်,နာမ်– သင်္ခါရအားလုံး ဆိတ်သုဉ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ မဂ်ဖိုလ်ဉာဏ်ဖြင့် ဆိုက်ရောက်

သွားပါတယ်၊ ဒီလို ဆိုက်ရောက်သွားအောင် အားထုတ်ကြဘို့ ယခု တစွန်းတစလောက်ကို ညွှန်ပြရတာဘဲ။

ကဲ-ဒီကနေ့ တရားကို ဒီတွင်ဘဲ အဆုံးသတ်တော့မယ်၊ နောက်သီတင်းနေ့မှာ ဝိပဿနာ ဉာဏ်စဉ်များနှင့်တကွ အပြည့်အစုံပေါ်မည့် စတုတ္ထပိုင်း တရားတော်ကို ဆက်လက်၍ နာယူနိုင်ကြပါစေ။

**တတိယပိုင်းပြီး၏။**

မဟာစည်ဆရာတော်

၁၃၁၃-ခု၊ ကဆုန်လပြည့်ကျော် (၈) ရက်နေ့ညတွင်
အသံလွှင့်သည်

# မဟာသတိပဋ္ဌာန် တရားတော်ကြီး

## (စတုတ္ထပိုင်း)

ဒီကနေ့တော့ မဟာသတိပဋ္ဌာန် တရားတော်ကို၊ နိဂုံးချုပ်အနေနဲ့ ဟောရတော့မယ်။ အရင်နေ့များက ၃-ပတ် ဆက်ပြီး ဟောလာခဲ့တာဟာ၊ ကာယာနုပဿနာမှာတော့၊ တော်တော်စုံသွားပါပြီ၊ ဒီကနေ့တော့······ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ-များနှင့်တကွ၊ ဝိပဿနာဉာဏ် အဆင့်ဆင့် တက်သွားပုံကို တော်တော်စုံလင်အောင် နာကြရပါလိမ့်မယ်။ သို့ပေမယ့်······**သုတနဲ့ ကိုယ်တွေ့ မရှိရင်တော့** ခပ်ခက်ခက်နေမှာဘဲ။

ဝိပဿနာရှုနည်းက သမထယာနိကနည်း, ဝိပဿနာယာနိကနည်း-လို့ အခြေခံအားဖြင့်၊ ၂-မျိုးရှိတယ်။ **သမထယာနိကနည်း** ဆိုတာက ဥပစာရ-အပ္ပနာဈာန်များကို ရအောင် အားထုတ်ပြီးတော့၊ အဲဒီဈာန်က စပြီး ဝိပဿနာရှုတဲ့ နည်းပါဘဲ။ **ဝိပဿနာယာနိကနည်း** ဆိုတာကတော့၊ ဥပစာရ သမာဓိ-အပ္ပနာသမာဓိ ၂-ပါးလုံးကို မထူထောင်တော့ဘဲ၊ ဝိပဿနာ သက်သက် ရှုတဲ့ နည်းပါဘဲ။ ဒီနည်းမှာ "ဥပစာရသမာဓိလဲ

မပါဘူး၊ အပ္ပနာသမာဓိလဲမပါဘူး”ဆိုတာ၊ ထင်ရှား အောင်လို့ **သုဒ္ဓ**–ဆိုတဲ့ပုဒ်နဲ့တွဲပြီး၊**သုဒ္ဓဝိပဿနာယာနိက နည်း**လို့လဲ ခေါ်ပါတယ်။ ပြီးတော့.....ဝုတ္တပ္ပကာရံ သမထံ အနုပ္ပါဒေတွာ၀-လို့လဲ အဋ္ဌကထာမှာ ဆိုထား ပါတယ်။ **သမာဓိ ၂**–**မျိုးကို မဖြစ်စေဘဲနဲ့ ရှုတယ်**လို့ ဆိုလိုပါတယ်။သို့ပေမယ့်...ရုပ်နာမ်တွေကို ရှုးစိုက်ပြီး ရှုနေရင်းပင်၊ ဝိပဿနာခဏိကသမာဓိ-က ထက်သန် စွာ ဖြစ်လာပါတယ်။ သူကလဲ၊ ဥပစာရသမာဓိလိုဘဲ အင်အားရှိတဲ့အတွက်၊ နီဝရဏတရားတွေကို၊ ကောင်း ကောင်းကြီး ငြိမ်းစေနိုင်ပါတယ်။ ဒါကြောင့် များစွာ သောအဋ္ဌကထာတွေမှာ၊ဒီ **ဝိပဿနာခဏိကသမာဓိ ကိုလဲ၊ ဥပစာရသမာဓိထဲမှာ ထဲ့ပြီး** မိန့်ဆိုထားပါ တယ်။ အခုလို ပြောနေရတာကတော့။ “သမာဓိကို သီးခြားမထူထောင်ပေမယ့်၊ **စိတ္တဝိသုဒ္ဓိဖြစ်နိုင်တယ်**” ဆိုတာကို နားလည်စေချင်လို့ပါဘဲ။

ဝိပဿနာဆိုတာ**ပဉ္စုပါဒါနက္ခန္ဓေ ဝိပဿတိ**–လို့ ဆိုတဲ့အတိုင်း၊ နိစ္စ,သုခ,အတ္တ-လို့စွဲလမ်းနိုင်တဲ့၊ ရုပ်နာမ် ခန္ဓာတွေကို၊အဲဒီလို အစွဲအလမ်းတွေ ကင်းသွားအောင် ရှုရတာဘဲ၊ ဒီရုပ်နာမ်ခန္ဓာတွေဆိုတာကလဲ၊ လူတိုင်း လူတိုင်းရဲ့ သန္တာန်မှာ ၀ါရခြောက်ပါးက အထင်အရှား ဘဲ ဖြစ်ပေါ်နေပါတယ်။ဘယ်လိုလဲဆိုတော့...မြင်နိုက် မှာ၊မျက်စိနဲ့ **အဆင်း**ဆိုတဲ့ **ရုပ်ခန္ဓာ**လဲ ထင်ရှားပေါ်နေ ပါတယ်။**မြင်မှု** ဆိုတဲ့**နာမ်ခန္ဓာ**တွေလဲ ထင်ရှားပေါ်

နေပါတယ်။ ကြားခိုက် နံခိုက် စားခိုက် တွေ့ထိခိုက် ကွေးဆန့်လှုပ်ရှားခိုက် ကြံစည်စဉ်းစားခိုက်တွေမှာလဲ နည်းတူပင် ထင်ရှားပေါ်နေပါတယ်။ သို့ပေမယ့်...... "သတိမမူ–ဂူမမြင်" ဆိုတာလိုဘဲ၊ ရှုမှတ်ခြင်းမရှိတဲ့ သာမန်ပုဂ္ဂိုလ်တွေကတော့၊ ဒီလို ထင်ရှားပေါ်နေတဲ့ ရုပ်နာမ်တွေကို၊ ရှေးနောက်ရုပ်နာမ်တွေနဲ့ တပေါင်းထဲ တခုထဲထင်ပြီး၊ မြဲနေတဲ့ ငါကောင် သတ္တဝါကောင်လို့လဲ စွဲလမ်းနေကြတာဘဲ။ ချမ်းသာကောင်းစားနေတဲ့ ငါကောင် သတ္တဝါကောင်လို့လဲ စွဲလမ်းနေကြတာဘဲ။

မြင်ခိုက်ကြားခိုက်စသည်မှာ၊ ရှုးမိုက်ပြီး၊ **မြင်တယ်–ကြားတယ်** စသည်ဖြင့်၊ မပြတ် ရှုမှတ်နေရင်တော့၊ ထင်ရှားပေါ်လာတဲ့ အဲဒီရုပ်နာမ်ခန္ဓာတွေကို တကန့်စီ တကန့်စီ ပိုင်းဖြတ်ပြီး၊ အနိစ္စ၊ဒုက္ခ၊အနတ္တ–ဘဲလို့ အမှန် အတိုင်း သိသိသွားနိုင်ပါတယ်။ ဒါကြောင့်...မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း၊ ဒွါရ ၆–ပါးက၊ ထင်ရှား ပေါ်လာတဲ့ ရုပ်နာမ်ခန္ဓာတွေကို**ပေါ်ခိုက်ပေါ်ခိုက်မှာ ဘဲ** ရှုးမိုက်ပြီး **ရှုမှတ်ရပါတယ်**။ သို့ပေမယ့်...မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း၊ ပေါ်လာသမျှကို အကုန် လုံး ရှုမှတ်နိုင်တာကတော့ သမာဓိဉာဏ် ရင့်သန်တဲ့ အခါကျမှဘဲ၊ ပြည့်စုံပါတယ်။ အားထုတ်ခါစမှာတော့ အကုန်လုံးလိုက်ပြီး မရှုနိုင်သေးပါဘူး။ အဲဒီလို အကုန် လုံးလိုက်ပြီးရှုနေရင် အားထုတ်စပုဂ္ဂိုလ်မှာ သမာဓိ ဉာဏ် မဖြစ်နိုင်ပါဘူး။ ဒါကြောင့်**အဋ္ဌကထာမှာ**၊ **ထင်**

**ရှုသိလွယ်တဲ့၊ ရုပ်ကစပြီး ရှုရမယ်လို့ ဆိုထားပါ တယ်။** ပြီးတော့ ရုပ် ၂၈-မျိုးထဲမှာလဲ၊ အကြမ်းဆုံးဖြစ် တဲ့၊ မဟာဘုတ်ရုပ်ကြီးတွေက စပြီးရှုရမယ်လို့ ဆိုထား ပါတယ်။ ဒီ မဟာဘုတ်၄–ပါးထဲက၊ ပထဝီ, တေဇော, ဝါယော-ဆိုတဲ့ ဓာတ် ၃–ပါးဟာ တွေ့ထိပြီးသိရတဲ့ ဖောဋ္ဌဗ္ဗရုပ်ချည်းဘဲ။ ဒီတော့·····ကိုယ်မှာ ထင်ရှားတွေ့ ထိရတာကို ရှုးစိုက်ပြီး ထိတယ်–ထိတယ် စသည်ဖြင့် ရှုမှတ်နေရင်၊ ခက်မာကြမ်းနှဆိုတဲ့ ပထဝီဓာတ်ကိုဘဲ ဖြစ်ဖြစ်၊ ပူနွေးအေးတဲ့ တေဇောဓာတ်ကိုဘဲ ဖြစ်ဖြစ်၊ တောင့်တင်းလှုပ်ရှားတဲ့ ဝါယောဓာတ်ကိုဘဲ ဖြစ်ဖြစ်၊ ဟောဒီဓာတ် ၃-ပါးထဲက၊တပါးပါးကို သိတာကတော့၊ ကိန်းသေနေတာဘဲ။ အာပေါဓာတ် ဆိုတာကတော့၊ တွေ့ထိရတဲ့ရုပ်မဟုတ်ပါဘူး။ ဒါပေမယ့်·····တွေ့ရာ ထိရာမှာ၊စိုက်ပြီးမှတ်နေရင်၊ ယိုစီးမှု, စိုထိုင်းမှု,ဖွဲ့စေးမှု ဆိုတဲ့အာပေါ်ရဲ့ လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်တွေကိုလဲ ထင်ရှားသိနိုင်တာဘဲ။ဒါကြောင့် ကိုယ်အမူအရာအတွေ့ အထိများကို ရှုးစိုက်ပြီး မှတ်တိုင်း မှတ်တိုင်း ဓာတ်လေး ပါးထဲက၊တပါးပါးကို လက္ခဏာ ရသ စသည်နဲ့ မှန်ကန် စွာ သိသိသွားတယ်– ဆိုတာကို နားလည်ထားကြ ရမယ်။

ဒီဓာတ်လေးပါးထဲက၊ ဝါယောဓာတ် သိပုံတချို့ကို တော့ ပြလိုက်ရဦးမယ်။ သွားတယ်-ရပ်တယ် စသည် ဖြင့်၊ မှတ်တဲ့အခါမှာ **ထောက်ကန် တောင့်တင်းမှုကို**

သိသိ သွားတာက၊ ဝါယောဓာတ်ကို၊ **ဝိတ္ထမ္ဘန လက္ခဏာ**နဲ့ သိတာဘဲ၊တရွေ့ခြင်း **ရွေ့ရှားမှု**ကို သိသိ သွားတာက၊ **သမုဒီရဏရသ**နဲ့ သိတာဘဲ။ **ဆွဲဆောင်** နေသလို, **တွန်းပို့**နေသလို သိသိသွားတာက၊ **အဘိနီ ဟာရ ပစ္စုပဋ္ဌာန်**နဲ့ သိတာဘဲ။ ပထဝီ, အာပေါ, တေဇော–တို့ကို သိရာမှာလဲ ဒီနည်းအတိုင်းပါဘဲ။ **အချုပ်အားဖြင့်ဆိုတော့ ဘယ်တရားဘဲ ဖြစ်ဖြစ်၊ ထင်ရှားပေါ်လာတုန်းသာ ရှုးစိုက်ပြီးမှတ်။ ဒီလိုမှတ်ရင်၊အဲဒီတရားကို၊ သူ့လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်-နဲ့ သိသွားတာချည်းဘဲလို့ ကိန်းသေမှတ်ထားကြရမယ်။** ဒီလိုသိတာဟာ"လက္ခဏာ ရသစသည်နဲ့ သိမ်းဆည်းရမယ်"လို့ ဆိုထားတဲ့၊ဝိသုဒ္ဓိမဂ်နဲ့လဲ ညီနေပါတယ်။ ဒီလိုညီနေတာကလဲ၊တခြားကြောင့်မဟုတ်ပါဘူး။ဝိသုဒ္ဓိမဂ်ကိုက၊ ဒီပါဠိတော်နည်းကို ယူပြီး ရေးထားလို့ပါဘဲ။

ဒါကြောင့်…သတိပဋ္ဌာန်ပါဠိတော်ထဲမှာ၊ဝိပဿနာရှုပုံတွေကို၊ အပြည့်အစုံဘဲ ဟောထားတယ်လို့၊ တထစ်ချဆုံးဖြတ်ပြီး၊ ဣရိယာပထပိုင်း, သမ္ပဇဉ်ပိုင်းများမှာ ပြခဲ့တဲ့အတိုင်း၊ ဖြစ်ပေါ်ဆဲ ကိုယ်အမူအရာတွေကို ဖြစ်ခိုက်ဖြစ်ခိုက်မှာဘဲ၊ မလစ်လပ်ရအောင် မပြတ်ရှုးစိုက်ပြီး ရှုမှတ်နေရမယ်။ ဒီလိုမှတ်နေဆဲမှာ ညောင်းမှု,ပူမှု,နာကျင်မှု-စသောဒုက္ခဝေဒနာတမျိုးမျိုး ပေါ်လာပြန်ရင်၊အဲဒီဝေဒနာကိုဘဲ ရှုးစိုက်ပြီး မှတ်ရဦး

မယ်။ သုခဝေဒနာ,ဥပေက္ခာဝေဒနာ–ထင်ရှားရင်လဲ၊ နည်းတူဘဲ မှတ်ရမယ်။ ထင်ရှားပေါ်လာတဲ့ဝေဒနာကို၊ ဒီလိုမှတ်သိနေတာက၊ **ဝေဒနာနုပဿနာ**ဘဲ။ ဒီနေရာမှာလဲ၊ ကလေးအသိ၊ သာမန်လူကြီးအသိများနဲ့၊ ယောဂီရဲ့ အသိ ထူးခြားပုံကို၊ အဋ္ဌကထာမှာ ရှင်းပြပါသေးတယ်။ သို့ပေမယ့်……အချိန်က မလုံလောက်လို့၊ ဆရာတော်ကတော့ တိုတိုရှင်းရတော့မှာဘဲ။ ယောဂီရဲ့ အသိ ဘယ်လောက် ထူးခြား မြင့်မြတ်တယ်ဆိုတာကို၊ သေသေချာချာသိချင်ကြရင်၊ ကျကျနနသာ အားထုတ်ကြည့်ကြပါ။ လေး ငါး ခြောက်ရက်လောက် အားထုတ်မိရင်ကို၊ မမေ့နိုင်အောင် အသိရှင်းသွားပါလိမ့်မယ်။

ပြီးတော့……ကိုယ်အမူအရာတွေကို မှတ်နေဆဲမှာ၊ ဟိုရောက် ဒီရောက်နဲ့၊ စိတ်ကူးတွေ ဖြစ်လာတာကိုလဲ တွေ့ရလိမ့်မယ်၊ အဲဒီစိတ်တွေကိုလဲ မလွှတ်စေနဲ့။ ပေါ်လာတိုင်း "သွားတယ်-ကြံတယ်-သိတယ်" စသည်ဖြင့် မှတ်လိုက်ရမယ်။ အဲဒါက **စိတ္တာနုပဿနာ**ဘဲ။ ဒီစိတ္တာနုပဿနာကို၊ "သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ" စသည်ဖြင့် ဟောထားပါတယ်။ အဋ္ဌကထာမှာလဲ၊ စိတ်တိုင်းစိတ်တိုင်းကို၊ **ဖြစ်နိုက်ဖြစ်နိုက်မှာဘဲ**၊ **မှတ်ရမယ်** လို့ သေသေချာချာဘဲ ဆိုထားပါတယ်။

ပြီးတော့……**ကာမစ္ဆန္ဒ**ခေါ်တဲ့-လိုချင် နှစ်သက်မှု၊ **ဗျာပါဒ**ခေါ်တဲ့-စိတ်ပျက်မှု၊ **ထိနမိဒ္ဓ**ခေါ်တဲ့-ထိုင်းမှိုင်းပျင်းရိမှု၊ **ဥဒ္ဓစ္စ**ခေါ်တဲ့-စိတ် ပျံ့လွင့်မှု၊ **ကုက္ကုစ္စ**ခေါ်တဲ့

နောင်တပူပန်မှု၊ **ဝိစိကိစ္ဆာ**ခေါ်တဲ့–ယုံမှားဝေဘန်မှု၊ ဒီ **နီဝရဏတရားဆိုးတွေ** ဖြစ်ပေါ်လာရင်လဲ လိုချင်တယ် နှစ်သက်တယ် စိတ်ပျက်တယ် စသည်ဖြင့်၊ မပျောက်မခြင်းမှတ်ရမယ်။အားထုတ်ခါစတော့၊အတန်ကြာအောင်လဲ မှတ်ရတတ်တယ်။ သို့ပေမယ့်……သတိသမာဓိညဏ်၊ရင့်သန်လာတဲ့အခါကျတော့ "လူကြီးက **ဟဲ့လို့ မာန်လိုက်တာနဲ့၊ ငြိမ်သွားတဲ့ကလေးလိုပဲ**" တချက်ထဲမှတ်လိုက်ရုံနဲ့၊နီဝရဏတွေပျောက်ပျောက်သွားတာကိုတွေ့ရပါလိမ့်မယ်။ဒီလို နီဝရဏတရားတွေကို ပေါ်လာတိုင်း ပေါ်လာတိုင်း ရှုမှတ်ထားက **ဓမ္မာနုပဿနာရဲ့တစိတ်တဒေသဘဲ။**

ဟော……အချိန်က နဲ့သွားပြီ၊ ခန္ဓာ-အာယတန–ဗောဇ္ဈင်-သစ္စာ-တွေကိုတော့ ဟောချိန်မရှိတော့ဘူး။ ညဏ်ဖြစ်ပုံကိုလဲ အတိုချုပ်ဟောရဟော့မှာဘဲ။ ယခုပြောခဲ့တဲ့အတိုင်း၊ ရုပ်နာမ်အမူအရာတွေကို မပြတ်မှတ်နေတဲ့ယောဂီမှာ**ခဏိကသမာဓိအားရှိလာတော့**၊ မှတ်စိတ်က၊ မှတ်ရာအာရုံမှာချည်း၊တန်းကနဲ စိုက်ကနဲ ကျကျသွားနေတော့တာဘဲ။ ဒါကြောင့်……ပျံ့လွင့်မှုမရှိတော့ဘဲ၊ မှတ်စိတ်ချည်း စင်ကြယ်နေတာကို တွေ့ရပါတယ်၊ အဲဒါဟာ **စိတ္တဝိသုဒ္ဓိ**ပါဘဲ။

အဲဒီအခါမှာ၊ "တဒါရမ္မဏာ အရူပဓမ္မာ**သယမေဝ ပါကဋာ**"လို့ ဆိုတဲ့အတိုင်းဘဲ၊ မှတ်စိတ်ကလဲ၊ သူ့အလိုလိုပင်ထင်ရှားနေတော့တာဘဲ။ဒါကြောင့်……မှတ်

ရတဲ့ရုပ်နဲ့၊မှတ်စိတ် နာမ် ဆိုတဲ့-ဒီ ၂-ခု-၂-ခု ထဲသာ၊ မှတ်တိုင်း မှတ်တိုင်း အတွဲလိုက် အတွဲလိုက် ဖြစ်နေ ဘာကို ထင်ရှားတွေ့ရတယ်။ ဒီတော့……"**ဒီရုပ်နာမ် ၂-ခုအပြင်၊ ငါကောင် သတ္တဝါကောင် မရှိဘူး**" ဆိုတာကို နှစ်နှစ်ခြိုက်ခြိုက်ပဲ သဘော ကျသွားပါ ဘယ်၊ အဲဒါဟာ **နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ဒိဋ္ဌိ ဝိသုဒ္ဓိပါဘဲ။**

ပြီးတော့……ကွေးချင်မှုစသော စိတ်အကြောင်းရှိမှ ကွေးမှုစသော ရုပ်အကျိုးဖြစ်နိုင်ဒါကိုလဲ ထင်ရှားတွေ့ ရတယ်။ မြင်စရာအဆင်းစသော အာရုံလဲရှိမှ၊ မျက်စိ စသော တည်ရာလဲရှိမှ၊ မြင်မှုစသော စိတ်နာမ်အကျိုး ဖြစ်နိုင်တာကိုလဲထင်ရှားတွေ့ရတယ်။ ဒါကြောင့်၊ယော ဂီဟာ၊မှတ်သိနေရင်းပင်"**အကြောင်းနဲ့ အကျိုး ရှိတာ ဘဲ၊ ကွေးအောင်, ဆန့်အောင်, မြင်အောင်, ကြား အောင် ပြုလုပ်ပေးတဲ့ငါကောင်ရယ်လို့ မရှိတော့ ဘူး**"ဆိုတာကို ရှင်းရှင်းလင်းလင်း သဘောကျသွားပါ တယ်။ ဒါကတော့……**ပစ္စယပရိဂ္ဂဟဉာဏ်နဲ့ ကင်္ခါဝိ တရဏဝိသုဒ္ဓိဘဲ။**ဒိဋ္ဌိသုဒ္ဓိလောက်တော့ ၊တကယ်အား ထုတ်ရင်၊ ၂-ရက် ၃-ရက်လောက်နဲ့ ရောက်နိုင်ပါ တယ်။

ပြီးတော့ ……မှတ်တိုင်းမှတ်တိုင်း၊ပေါ်လာသမျှအာရုံ ဟာ၊ မကြာခင်ဘဲ ပျောက်ပျောက်သွားတာကို တွေ့ရ တယ်။ မခံသာတဲ့ဝေဒနာတွေကိုလဲ များစွာတွေ့ရတတ်

တယ်။ ဒါကြောင့်……“ပေါ်ပြီးပျောက်သွားလို့ မမြဲတာ ချည်းဘဲ”လို့လဲ ဆင်ခြင်မိတယ်။ “ပေါ်မှု ပျောက်မှုက နှိပ်စက်နေလို့ ဆင်းရဲချည်းဘဲ။ မခံသာလို့ဆင်းရဲချည်း ဘဲ”လို့လဲ ဆင်ခြင်မိတယ်။ **“သူ့သဘောအတိုင်းဖြစ် ပျက်နေလို့ အစိုးမရတဲ့ သဘောချည်းဘဲ”လို့လဲ ဆင် ခြင်မိတယ်။ဒါကတော့ သမ္မသနဉာဏ်ဘဲ။**

ပြီးတော့……မှတ်တိုင်း မှတ်တိုင်း၊ မှတ်ရတဲ့အာရုံ ဟာ၊ ပေါ်ပြီးရင် ချက်ခြင်းဘဲ ပျောက်ပျောက်သွား တာကို ထင်ရှားတွေ့ရတယ်။ ဒါကြောင့် **တနေရာက ရုပ်နာမ်ဟာ၊တခြားနေရာသို့ မရောက်ဘဲ၊သူ့နေရာ မှာဘဲ၊ ပျောက်ပျောက် သွားတာကို ရှင်းလင်းစွာ မျက်မှောက်တွေ့နေရပါတယ်။အဲဒါဟာ၊ဥဒယဗ္ဗယ ဉာဏ်ပါဘဲ။**ဒီဉာဏ်ကိုလဲ တင်းတင်းရင်းရင်း အား ထုတ်ရင်၊လေး-ငါးရက်လောက်နဲ့ ရောက်နိုင်တာဘဲ။

ဒီဉာဏ် ဖြစ်ခါစမှာ၊ အလင်းရောင်တွေ, ပီတိအရ သာတွေ, ပဿဒ္ဓိအရသာတွေ, စိတ်ချမ်းသာတွေ, ဒီ လိုအရသာထူးတွေကိုလဲ တွေ့ရပါတယ်။ ဒါကြောင့်… ဘယ်တော့ကမှ၊ မတွေ့ဘူးတဲ့ တရားအရသာထူးတွေ ကို ခံစားပြီး၊ အလွန်လဲဝမ်းသာနေမိတတ်ပါတယ်။ အဲ ဒါတွေကတော့၊**ဥပက္ကိလေသ**တွေဘဲ။ ဒါတွေကိုတော့ မှတ်မှတ်ပြီး ပယ်ရမယ်။ ဒီ ဥပက္ကိလေသ အရေးမှာ၊ ပြော ပြစရာတွေကတော့ အလွန်များတာဘဲ။ **ဝိပဿနာရှု နည်းကျမ်း၊ဒုတိယတွဲ**မှာဘဲ ကြည့်ကြပါ လေတော့။

ပြီးတော့....မှတ်တိုင်းမှတ်တိုင်း၊မှတ်ရတဲ့အာရုံရော၊ မှတ်စိတ်ရော၊ ရိပ်ကနဲ ရိပ်ကနဲ ပျောက်ပျောက်သွားတာကိုချည်း တွေ့နေရပါတယ်။ **ပုံသဏ္ဌာန် အထည် ဒြပ်မရှိဘဲနဲ့၊တရိပ်ရိပ်လျှင်မြန်စွာ ပျောက်သွားတာကိုချည်းတွေ့နေရပါတယ်။ အဲဒါကတော့ဘင်္ဂဉာဏ်ဘဲ**၊ တချို့က ပုံသဏ္ဌာန်အထည်ဒြပ်၊ အာရုံဝတ္ထုကြီးတွေ၊ဖရိုဖရဲ ပြိုကွဲကြေမွပြီး၊ပျက်စီးသွားဒါကို မြင်ရင်၊ ဘင်္ဂဉာဏ်ဘဲလို့ ထင်မှတ်နေတတ်တယ်။ အဲဒီလို ပုံသဏ္ဌာန်အထည်ဒြပ်ပျက်ကိုမြင်တာကတော့၊သမ္မသနဉာဏ်ပိုင်းမှာ တွေ့ရတာမျိုးဘဲ၊ ဘင်္ဂဉာဏ်မှာတော့၊ **ပုံသဏ္ဌာန်အထည်ဒြပ်ကို မထင်တော့ ပါဘူး။** ဒါကြောင့်......အထည်ဒြပ် ပုံသဏ္ဌာန်မထင်ဘဲ၊အာရုံရော မှတ်စိတ်ရော၊ တစုံလုံး တစုံလုံး၊ ရိပ်ကနဲ ရိပ်ကနဲ ပျောက်သွားတာကိုချည်း မပြတ်သိနေမှ၊ ဘင်္ဂဉာဏ်လို့ သေသေချာချာ မှတ်ထားကြ။ ဝိပဿနာဟာ ဒီဘင်္ဂဉာဏ်အထိ အချိုးတကျဖြစ်ဘို့ အရေးကြီးပါတယ်။ ဒီဉာဏ်အထိ အချိုးကျသွားရင်၊ဘယ,အာဒီနဝ,နိဗ္ဗိန္ဒ, မုဉ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာ-စသော အထက် ဝိပဿနာဉာဏ်တွေဟာ၊ အစဉ်အတိုင်း ဖြစ်သွားနိုင်ပါတယ်။ဒါကတော့ အချိန်နဲ့လိုချုံးပြီး အလွယ်တကူပြောတာပါ။အမှန်မှာတော့...မဂ်ဉာဏ်မရောက်သေးမချင်း၊ အရှုပ်အထွေးကလေး တွေကတော့ ရှိနေသေးတာဘဲ။ဒါကြောင့်......အားပေးပြုပြင်မဲ့ဆရာ ရှိနေဘို့ဟာ လိုနေသေးတာဘဲ။

သို့ပေမယ့်…ရှုမှတ်မှု တခုသဲကိုသာ အားကိုးပြီးတော့၊ ထင်ပေါ်သမျှရုပ်နာမ်တွေကို မဆုတ်မနစ် တမှတ်ထဲ မှတ်သွားရင်၊ ယခုပြောခဲ့တဲ့ ဉာဏ်တွေဟာ အစဉ်အတိုင်းဖြစ်ပြီးတော့၊ နောက်ဆုံးမှာ ထူးခြားတဲ့ **ဝုဋ္ဌာနဂါမိနီဝိပဿနာ**ဉာဏ်နဲ့၊ **အနုလောမ**ဉာဏ် ဆိုတာ၊ ဖြစ်ပေါ်လာပါတယ်။ ဒါတွေကတော့ မဂ်ဉာဏ်ဆီကို **တဟုန်တည်း ထိုးတက်သွားတဲ့** ဉာဏ်ထူးတွေပေါ့။ ဒီလိုထိုးတက်လာရာက၊ **အနုလောမဉာဏ်လဲ ဆုံးသွားရော၊** ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်များ ဖြစ်ပေါ်ပြီး၊ သင်္ခါရဒုက္ခ လုံးဝချုပ်ငြိမ်းရာ နိဗ္ဗာန်အာရုံတဲ့သို့လဲ၊ **ဖြတ်ကနဲဆို ပြေ ဝင်သွားပါရော။** အဲဒီလိုအငြိမ်းဓာတ်ထဲသို့ ကျရောက် ပြေ ဝင်သွားတာဟာ "ဓမ္မစက္ခုံ ဉဒပါဒိ ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ" ဆိုတဲ့ ပါဠိတော်များ၊ "အပ္ပဝတ္တံ မနုပ္ပတ္တော နိဗ္ဗာနံ သန္တိကရောတိတိ ဝုစ္စတိ" ဆိုတဲ့ဋီကာမှ ဥပဒေသနဲ့အညီ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုသွားတာပါဘဲ။ ဒီလိုနိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တို့ရာ မြတ်စွာဘုရားက မဟာသတိပဋ္ဌာန်တရားတော်ကို ဟောတော်မူခဲ့ပါတယ်။ နိဗ္ဗာန်သွားချင်ရင် သွားရအောင်လို့ လမ်းစလောက်တော့ ညွှန်ပြပြီးပါပြီ။ အပြည့်အစုံ သိချင်ကြရင်တော့၊ **ဝိပဿနာရှုနည်းကျမ်းကိုဘဲ၊** စေ့စေ့စပ်စပ် ကြည့်ကြပါလေ။ တရားတော်ကိုတော့ ဒီမှာနဲ့ဘဲ အဆုံးသတ်တော့မယ်…။

မဟာသတိပဋ္ဌာန်ဒေသနာတော်ကို လေးလေးစားစား အားထား ယုံကြည်နိုင်ကြပါစေ။

အားထားယုံကြည်၍ သတိပဋ္ဌာန် ၄-ပါးကို ပွါးများအားထုတ်နိုင်ကြပါစေ။
ပြည့်ပြည့်စုံစုံအားထုတ်နိုင်ကြ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို အမြန်ဆိုက်ရောက်ကြပါစေ။

**မဟာသတိပဋ္ဌာန် တရားတော်ကြီး ပြီး၏။**

# ယောဂီများ ထောက်ပံ့ရေး
# အစီအစဉ်နှင့်စည်းကမ်းများ

ရန်ကုန်မြို့ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့၏ သာသနာ့ရိပ်သာ၌ နယ်အရပ်ရပ်မှ ဝိပဿနာတရား ကျင့်သုံးရန် ကြွရောက်မည်ဖြစ်သော ယောဂီရဟန်းတော်များနှင့် လူပုဂ္ဂိုလ်တို့အား ထောက်ပံ့-အားပေးကူညီရေး အစီအစဉ်နှင့်စည်းကမ်းချက်များ။

## ရည်ရွယ်ချက်

နိုင်ငံတော်အတွင်း နယ်အရပ်ရပ်၌ ဝိပဿနာတရား ထွန်းကား ပြန့်ပွါးရန် လိုအပ်သည့်အတိုင်း နယ်မှသင့်လျော်သော ကိုယ်စားလှယ်များသည် သာသနာ့ရိပ်သာ၌လာရောက် တရားအားထုတ်ကြရန်နှင့် ၎င်းပုဂ္ဂိုလ်များသည် တရားအဆင့် ရင့်သန် ခိုင်မာလာသည်နှင့် အမျှ မိမိတို့ဒေသသို့ ပြန်လည် ရောက်ရှိသောအခါ၌ ရပ်ရွာ၏ အကူအညီဖြင့် ကမ္မဋ္ဌာန်းရိပ်သာများ၊ ကျောင်းများ၊ တည်ထောင်ပြီးလျှင် ပုဂ္ဂိုလ်အများအား ကမ္မဋ္ဌာန်းတရားကို အလွယ်တကူ ဆော်ဩ အားထုတ်စေလျက် တဆင့်ထက် တဆင့် ပြန့်ပွါးစွာ ဆက်သွယ် ဆောင်ရွက်ကြစေရန်ပင် ဖြစ်ပေသည်။

## ကိုယ်စားလှယ် ယောဂီများ

### အတန်းအစား ၃-မျိုးမှာ-

(က) မိမိစားရိတ်ဖြင့် ရိပ်သာသို့လာ၍ ကမ္မဋ္ဌာန်း ကျင့်သုံးစဉ် (ဥပမာ-တလမျှ ကာလအတွင်း) စားသောက်စားရိတ်ကို မိမိကပင်လျှင် ကုန်ကျခံနိုင်သောပုဂ္ဂိုလ်။

(ခ) မိမိစားရိတ်ဖြင့် ရိပ်သာသို့ လာနိုင်ငြားသော်လည်း စားသောက်ရေးကို ရန်ကုန်မြို့ ရိပ်သာထောက်ပံ့ရေးအဖွဲ့မှ ရယူလိုသော ပုဂ္ဂိုလ်။

(ဂ) ခရီးစားရိတ်နှင့်တကွ စားသောက်ရေးကို အဖွဲ့မှ ရယူလိုသောပုဂ္ဂိုလ်။

ဖော်ပြပါ ပုဂ္ဂိုလ် ၃-စားလုံးအတွက်၊ မြို့နယ်တခုလျှင် ရဟန်းပုဂ္ဂိုလ်တပါးနှင့် လူဝတ်ကြောင်ပုဂ္ဂိုလ် တဦးကို ရိပ်သာကလက်ခံမည်။

## ရွေးချယ် စေလွှတ်ရာ၌ သတိပြုရန် အချက်များ

မြို့နယ် အသီးသီးမှ ကိုယ်စားလှယ် ရွေးချယ်ရာတွင် အရေးပိုင်ရုံးစိုက်ရာအရပ်၌ အရေးပိုင်၊ နယ်ပိုင်ရုံးစိုက်ရာအရပ်၌ နယ်ပိုင်၊ မြို့ပိုင်ရုံးစိုက်ရာ အရပ်၌ မြို့ပိုင်

တို့သည်၊ အသီးသီးသော ဒေသရှိ သာသနာရေး ခေါင်းဆောင်ပုဂ္ဂိုလ်တို့နှင့် တိုင်ပင်၍ ဤမွန်မြတ်လှသော လုပ်ငန်းကို ဆောင်ရွက်စွမ်း၍ ဖြန့်ချိပြန့်ပွါးစေနိုင်မည့် ရဟန်းတော်တပါးနှင့် လူပုဂ္ဂိုလ်တဦးကျစီကို မြို့နယ်အတွက် ရွေးချယ်ရပါမည်၊ ရွေးချယ်ပြီးသော အခါတွင် သာသနာ့ရိပ်သာသို့ မြို့နယ် ကိုယ်စားလှယ်အဖြစ် ရဟန်းတော်နှင့် လူပုဂ္ဂိုလ်၏ အမည်၊ ဂုဏ်ထူးများ၊ အထက်က ဖော်ပြခဲ့သော အတန်းအစားနှင့် ရိပ်သာ၌ တရားထူးရရှိသည်အထိ, သို့မဟုတ် အနည်းဆုံး တလခန့် ကာလအထိ-ကျင့်သုံးနေထိုင်နိုင်မည်ဖြစ်ကြောင်းကို စာရေးသားရပါမည်၊ ယင်းသို့သောစာ ရရှိသောအခါ၌ ကြွရောက်ရန်ရက် ချိန်းဆို စီစဉ်မည်ဖြစ်ကြောင်း။

အထူးသိသာရန်မှာ ယင်းသို့ ကိုယ်စားလှယ် အဖြစ်ဖြင့် ရွေးချယ်ခံရသော ပုဂ္ဂိုလ်များသည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းပြ ဆရာတော် ထုတ်ပြန်ထားသည့် ပူးတွဲပါ (ယောဂီများ လိုက်နာရန် စည်းမျဉ်းများ)ကို လေးစား ကြည်ညိုစွာ လိုက်နာ ကျင့်ကြံနိုင်သော ပုဂ္ဂိုလ်များ ဖြစ်ရပေမည်။

သံဃာတော်များအတွက် ဝါဆိုခါနီးပြီ ဖြစ်သောကြောင့်၊ ဒုတိယဝါဆိုရန် ဖြစ်နိုင်သော သံဃာတော်များသာလျှင် ယခုအချိန်၌ ကြွရောက်၍ တရားအားထုတ်ရန် ဖြစ်နိုင်ပေမည်။ ဒုတိယဝါ ဆိုနိုင်မည်ဖြစ်

သော သင့်လျော်သည့် သံဃာတော် မရှိပါမူကား၊ ဝါကျွတ်သောအခါ၌သာလျှင် သံဃာတော်ကို ရိပ်သာသို့ ကြွရောက်စေခွင့်ရှိ၏။

## သာသနာ့ရိပ်သာ နေရာထိုင်ခင်းကိစ္စ

ယခုအခါ ရိပ်သာတွင် ရန်ကုန်မြို့ပေါ်နှင့် နယ် အသီးသီးမှ ရဟန်းတော်များနှင့် ယောကျ်ား,မိန်းမ-ယောဂီ အပြောက်အမြား လာရောက် တရားကျင့်သုံးနေသဖြင့် အဆောက်အဦးနေရာ အားလုံးပြည့်ကြပ် စည်ကား လျက်ရှိရာ၊ ယောဂီအသစ်များအတွက် နေရာဂူကျောင်း စသည်များကို အထူးကြိုတင် စီစဉ်ထားပါမှ အဆင် သင့်ရရှိနိုင်ပေမည်၊ သို့ဖြစ်သောကြောင့် မြို့နယ် အသီး သီးမှ ကိုယ်စားလှယ်များကို ကြိုတင် ရွေးချယ်ထား၍ အဖွဲ့သို့ စောစော အကြောင်းကြားထားရန်လိုအပ်ပေ သည်၊ အကြောင်းကြားစာများ ရရှိက လိုအပ်သော နေရာထိုင်ခင်း စသည့် အစီအစဉ်များ ပြုလုပ်ပြီးလျှင် ကြွရောက်ရန်ရက် ချိန်းဆိုပြန်ကြားပါမည်။

## ထောက်ပံ့ရေး အစီအစဉ်

ရိပ်သာတွင် မိမိတို့ သဒ္ဓါ စေတနာ အလျောက် လာရောက်၍ တရားကျင့်သုံးလျက် ရှိကြသော ယောဂီ များသည်၊ စားသောက်ရေးကိစ္စကို မိမိတို့တာဝန်ဖြင့် သာလျှင် ထမ်းဆောင်ကြသော်လည်း ဤယခု အထူး

အစီအစဉ် အရ (က) အတန်းအစား ယောဂီများမှ တပါး အခြားသောယောဂီတို့အတွက် အဖွဲ့က ထိုက်သင့်သလို တာဝန်ယူမည်၊ ဤတာဝန်မှာ သေးငယ်လွယ်ကူသည်မဟုတ်သော်လည်း အဘိုးအနဂ္ဃမဖြတ်နိုင်သော မွန်မြတ်လှသည့် ပဋိပတ္တိ,ပဋိဝေဓ-သာသနာတော် ပြန့်ပွါးရန်အတွက် ဗုဒ္ဓသာသနာ့နုဂ္ဂဟ အဖွဲ့ဝင်များ၏၊ကြိုးပမ်း ဆောင်ရွက်ချက်အရ ကာလရှည်ကြာဖြစ်မြောက်ရန် စီစဉ်ထားရခြင်း ဖြစ်ပါသည်၊ သို့ဖြစ်သောကြောင့် တရားထူး ရကြရန်အတွက် တိုက်ရိုက်မသက်ဆိုင်သည့်အပိုစားရိတ်စားခများကို အဖွဲ့ကကျခံလိမ့်မည်မဟုတ်ဘဲ လိုရင်းခရီးစားရိတ်နှင့် စားသောက်ရေးကိုသာလျှင် တာဝန်ယူနိုင်ပေမည်၊ခရီးစားရိတ်ဆိုသည်မှာ အသွားအပြန် လက်မှတ်အတွက် ဖြစ်၍ စားသောက်ရေးမှာလည်း ကမ္မဋ္ဌာန်းပြ— ဆရာတော်၏ စည်းမျဉ်းအရ အနည်းဆုံး ရှစ်ပါးသီလ စောင့်ထိန်းသောပုဂ္ဂိုလ်များအတွက် စားသောက်ရေးပင် ဖြစ်ရပေမည်။ကာလရှည်ကြာစွာ ဖြစ်မြောက်ရေး အတွက် တတ်နိုင်ပါလျှင် ယောဂီများသည် မိမိတို့ ကုန်ကျမည့်သွားလာစားရိတ်နှင့် စားသောက်ရေး စားရိတ်များကို မိမိတို့ကပင်လျှင် အားလုံးဖြစ်စေ, တစိတ်တဒေသဖြစ်စေ— ကုန်ကျခံရန်လည်း တိုက်တွန်း နှိုးဆော်ပါကြောင်း၊ သက်ဆိုင်ရာ ရပ်ရွာများကလည်း တတ်နိုင်ပါလျှင် သဒ္ဓါတတ်အားသမျှ အလှူငွေရဆောင်း၍ မိမိ

တို့ရိပ်ရွာမှ ကိုယ်စားလှယ်အဖြစ်စေလွှတ်မည့် ယောဂီများအား ထောက်ပံ့စေလိုကြောင်း။

(ပုံ) ဦးလူကလေး (A.C.I.T.)

(ပုံ) ဦးစံသိန်း (U.B.A.)

(ပုံ) ဦးလှကျော် (D.F.S.)

(ပုံ) ဦးကျော် (City Count)

ရိပ်သာထောက်ပံ့ရေး အဖွဲ့ဝင်များ။

**စာပေး ဆက်သွယ်ရန်လိပ်စာ။**

ကိုလှညွန့်၊ သာသနာ့ရိပ်သာ

အမှတ် ၁၅–၁၆၊ ဟာမစ်တိတ်လမ်း။

ရန်ကုန်မြို့။

# ဥပဒေ

သက်စွန့်ကြိုးပမ်း တကယ်တမ်း အားထုတ်ဆဲ ယောဂီများနှင့် အားထုတ်လိုသော သူများအား အနှောင့် အရှက် အန္တရာယ်မဖြစ်စေရန် အလို့ငှါ အောက်ပါ စည်းကမ်း **ဥပဒေများကို** ဆရာတော် ထုတ်ပြန်အပ် သည်။

(ယောဂီများ လိုက်နာရန်)

၁။ အောက်ထစ်ဆုံး အားဖြင့် ၅စ်ပါးသီလနှင့် ပြည့်စုံ၍ ကြိုးကြိုးစားစား အားထုတ်သော ပုဂ္ဂိုလ်များ သာလျှင် သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းကျောင်းများ၌ နေထိုင်ခွင့်ရကြသည်။

၂။ အမြဲတမ်း နေရာရရှိသော အချိန်ကာလ အပိုင်း အခြားမှာ ဉာဏ်စဉ်တရား နာရပြီးနောက် (၇) ရက် အထိ,သို့မဟုတ် ကြိုးကြိုးစားစား အားထုတ်ပါလျက် တရားမပြည့်စုံသေးသောသူမှာ (၂) လအထိ၊ ဤမျှသာ အခွင့်ရသည်ဟု မှတ်ယူရမည်။ ဤအခွင့်ကာလ ကုန် လွန်ပြီးသော ယောဂီမှာ အားလပ်သော နေရာရှိမှသာ လျှင် ဆက်လက်၍ နေထိုင်ခွင့်ရနိုင်မည်။ (ခြွင်းချက်— တရားပြည့်စုံရန်နီးကပ်နေသောယောဂီအား နေထိုင်ခွင့် ရက်ပို ထပ်မံ၍ ပေးလိမ့်မည်။ ဝါကပ်နေသော ရဟန်းများမှာ ဝါကျွတ်သည်အထိ နေထိုင်ခွင့်ရသည်။ ကမ္မဋ္ဌာန်း ဌာနအတွက် ကျေးဇူးများစေသော ပုဂ္ဂိုလ်

အား သင့်လျော်သော နေရာ၌ အထူး နေထိုင်ခွင့်ကို ပေးထားလိမ့်မည်။)

၃။ နေရာ ပြောင်းရွှေ့ရန် အကြောင်းထူး ပေါ်လာပါက ဝန်မလေးဘဲ ပြောင်းရွှေ့ပေးနိုင်ရမည်။

၄။ ထင်း, အိုးခွက်- စသည်ကို ရှုပ်ထွေးစွာထားခြင်း၊ တိုက်ခန်းတွင်း၌ ချက်ပြုတ်ခြင်းများ မရှိစေရ၊ သန့်ရှင်းစင်ကြယ်ရေးကို အလေးပြုရမည်။

၅။ အရေးကြီးသော အကြောင်းထူး မရှိဘဲ တရားလွတ်စကားများကို ပြောဆိုမနေရ။

၆။ မပြောမဖြစ်၍ ပြောရပါလျှင် အခြားသူများ မကြားအောင် တိုးတိုးသာ ပြောရမည်၊ သို့သော် ကြာရှည်စွာကား ပြောဆိုမနေရ။

၇။ ကြာရှည်စွာပြောရန်ရှိလျှင် ကမ္မဋ္ဌာန်းကျောင်းမှ ဝေးရာသို့သွား၍ ပြောရမည်။

၈။ ဧည့်သည်များကို ဧည့်ခံ စကား ပြောရာ ဌာနမှာ မဏ္ဍပ်အတွင်း၌သော်ရင်း၊ သို့မဟုတ် သင့်လျော်သော တခြားနေရာဌာန၌ သော်ရင်း-ဖြစ်စေရမည်။

၉။ သူတပါး၏ သမာဓိ ပျက်လောက်အောင် အသံမြည်စေသော အပြုအမူများကို မပြုလုပ်ရ။

၁၀။ အကြောင်းမဲ့ လှည့်လည်သွားလာခြင်း မရှိစေရ၊ အထူးအားဖြင့် တပါးသော ယောဂီများ၏ နေရာသို့ သွားရောက်၍ စကားပြောနေခြင်းကို အပြစ်အကြီးဆုံးဟု မှတ်ရမည်။

၁၁။ အထူးလေးစားရမည့်အချိန်မှာ–နေ့ (၁၂)နာရီမှ နံနက်(၅) နာရီအထိ ဖြစ်သည်။ ဤအချိန်များမှာ ကိစ္စပြီးမှ အားထုတ်ခွင့်ရသည့် အချိန်ထူးဖြစ်၍ ဤအချိန်များအတွင်း သူတပါး အားထုတ်မှု ပျက်လောက်အောင် ကျူးလွန်သူကို အထူးအရေးယူလိမ့်မည်။

(မဟာစည် ဆရာတော်)

၁၃၁၂-ခု၊ တပို့တွဲလဆုတ်(၈) ရက်။

(၁-၃-၅၁)

# သာသနာ့ရိပ်သာတွင်
# ယောဂီ, ရဟန်း, သာမဏေ-များ လိုက်နာရန်
# သီးခြား ဥပဒေ

(၁) ပါတိမောက် သိက္ခာပုဒ်များ၌ လေ့လာသင်ကြား သိနားလည်ပြီး ဖြစ်စေရမည်။

(၂) ဂရုကအာပတ်၌ သံသယကင်း၍ သီလဝိသုဒ္ဓိ ပြည့်စုံပြီး ဖြစ်စေရမည်။

(၃) ဓမ္မ,ဝိနယ-ဖြင့် သတိပေးဆုံးမချက်ကို ဝမ်းမြောက် ရိုသေစွာ နာခံနိုင်ရမည်။

(၄) နိဿဂ္ဂိယပစ္စည်း၊ အကပ္ပိယပစ္စည်း-များ လုံးဝကင်းရှင်းစေရမည်။

(၅) ပိန္နရောင်၊ ညောင်ခေါက်ဆိုးရောင်-သင်္ကန်းကိုသာ သုံးဆောင်ရမည်။

(၆) ဝတ်ရုံ စားသောက်မှု၊ သွားလာ နေထိုင်မှု-များမှာ ပါသာဒိက ဖြစ်စေရမည်။

(၇) ရိပ်သာဝင်းမှ အပြင်သို့ထွက်လျှင် သင်္ကန်းရုံလျက် သွားရမည်။

(၈) တခြားသို့သွားရန် ကိစ္စရှိလျှင် နာယက ဆရာတော်ထံ၌ ပန်ကြား၍ သွားရမည်။

(၉) လပြည့်လကွယ်နေ့တိုင်း သံဃာဥပုသ်ပြုရမည်။

(၁၀) နိဿယ မှုတ္တကအင်္ဂါ မပြည့်စုံ သေးလျှင် နိဿယည်း ယူထားရမည်။

(၁၁) ကျန်းမာပါလျက် မြင်းလှည်း၊ ဆိုက်ကား– စီးခြင်း မရှိစေရ။

(၁၂) ရုတင် ကျင့်ဝတ်များကို စွမ်းနိုင်သမျှ ကျင့် ဆောင်ရမည်၊ မှတနိုင်ပါက အယုတ်ဆုံး အားဖြင့် ကောသနိက်ရုတင် ဖြစ်စေ, ပတ္တ ပိဏ္ဍိက်ရုတင် ဖြစ်စေ–ကျင့်ဆောင်နိုင်ရမည်။

(၁၃) သေနာသန အသုံးအဆောင်များကို ရှိသေစွာ သုံးဆောင်ရမည်။

(၁၄) တာဝကာလိက အသုံးအဆောင်များကို ပြန် သောအခါ အပ်နှံပန်ကြားခဲ့ရမည်။

(၁၅) ယောဂီဟောင်း ဖြစ်လျှင် သိမ်စာ့ဝေယျာဝစ္စ ဝတ်တပါးပါးကို ရွက်ဆောင်ရမည်။

(မဟာစည်ဆရာတော်)
၁၃၁၃-ခု၊ဝါဆိုလဆန်း (၁) ရက်။
(၄-၇-၅၁)

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်းပါသည်။